# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၁) ရက်၊ တနင်္ဂနွေနေ့ ၊ (27-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမျှော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥကင်္ကတော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့ ရုံးပိတ်ရက်တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့်နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တံတား၊ ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်၏ ကျက်သရေ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော်မဟာမင်္ဂလာအခမ်းအနားများကို ယခုနှစ် ဩဂုတ် ၁ ရက်တွင် နိုင်ငံတော်အဆင့်ခမ်းနားစည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ ထို့နောက် ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ မြန်ပြည်တစ်ဝန်းရပ်ဝေးရပ်နီး ခရီးအသွယ်သွယ်တို့မှ ရဟန်းရှင်လူပြည်သူများက ဘုရားရင်ပြင်တော်ပင် ညွတ်ကျမတတ် အုန်းအုန်းကျွက်ကျွက် အထူးစည်ကားစွာ နေ့ပူမိုးရွာမရှောင် လာရောက်ဖူးမြော်လျက်ရှိသည်။

ပြည်ထောင်စုဖွား ဗုဒ္ဓဘာသာဝင် သူတော်ကောင်းများအားလုံး လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဝမ်းသာ စိတ်ကြည်နူးပီတိအပေါင်းဖြင့် လာရောက်ဖူးမြော်နေသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုတည်ထားရာတွင် ရှေးမူမပျက် သမားရိုးကျနည်းလမ်း၊ ခေတ်မီနည်းလမ်း၊ နည်းပညာအသစ်အဆန်းများဖြင့် အလွန်ပင်စနစ်ကျစွာ ပေါင်းစပ်တည်ထားခြင်းဖြစ်ပါသည်။ ဤသို့ တည်ထားသော ကမ္ဘာပေါ်ရှိစကျင်ကျောက်သားဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် တပ်မတော်သားများနှင့် မြန်မာအင်ဂျင်နီယာတို့၏ ပေါင်းစည်းထုဆစ်ပုံဖော်ခဲ့သော အံ့ဩဂုဏ်ယူစရာမြန်မာ့လက်ရာအစစ်အမှန်ဖြစ်ပေသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနီးကပ်ဖူးမြော်ကြည့်ပါက မျက်လွှာချဟန် အေးချမ်းကြည်လင်ဖြူစင်လှသော မျက်နှာတော်အနေအထားသည်လည်းကောင်း၊ ဘူမိဖဿဟန် ဖြူလွှတောက်ပလွန်းသောစကျင်ကျောက်သားရုပ်ပွားတော်ကြီးသည်လည်းကောင်း သက်ရှိထင်ရှားရှင်တော်မြတ်ဘုရားကြီး ငွေအရောင်တောက်ပသော လရောင်အဆင်းဖြူဖြူဝင်းသည့် ဩဒါတရောင်ခြည်တော် ကွန့်မြူးနေသည့်အလား အထူးကျက်သရေရှိလှပါပေသည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ ဇွဲလုံ့လ၊ ဝီရိယ၊ ဉာဏ်ပညာ၊ သဒ္ဓါတရားတို့ပေါင်းစပ်ကာ တည်ထားပူဇော်မှုကြောင့် သမိုင်းတွင်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယခုအခါ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်ကြည်ညို၍မဝ၊ အံ့ဩဝမ်းမြောက်မှုမကုန်နိုင်အောင်ပင် အထူးစည်ကားစွာဖူးမြော်လျက်ရှိသည်။ ဘုရားဖူးရဟန်းရှင်လူပြည်သူအပေါင်း၏ စေတနာသဒ္ဓါတရားထက်သန်စွာ အလှူငွေများ သူ့ထက်ငါလှူဒါန်းနေကြသည့် မြင်ကွင်းကလည်း ကျက်သရေရှိလှပါပေသည်။ ထို့ပြင် ဘုရားကျောင်းတော်၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ရေပန်းရင်ပြင်၊ သာသနာ့ဗိမာန်တော်၊ ကျောက်စာရုံများတွင်လည်း ဖူးမြော်လေ့လာမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကြသူများလည်း နေ့စဉ်စည်ကားလှသည်ဖြစ်ရာ ဗုဒ္ဓသာသနာရောင်ဝါနေသို့ လင်းသည့်အလား ကြည်နူးပီတိဖြစ်ရပါပေသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် စကျင်ကျောက်သားဉာဏ်တော်အမြင့်ဆုံးဗုဒ္ဓရုပ်ပွားတော်ကြီးဖြစ်သည့်အတွက် ကမ္ဘာတစ်ဝန်းမှဗုဒ္ဓဘာသာဝင်တိုင်း ဂုဏ်ယူဝမ်းမြောက်စွာဖူးမြော်ချင်ကြပေမည်။ ကံအကြောင်းတရားကြီးမားလှသဖြင့် ဦးဦးဖျားဖျား ဖူးမြော်ကြည်ညိုခွင့်ရရှိပြီးသူတိုင်းလည်း ကျေနပ်မဆုံးတပြုံးပြုံးဖြင့် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဝမ်းသာနေကြပေမည်။ ဖူးမြော်ကြည်ညိုသူတိုင်း ရင်သပ်ရှုမောရှင်လန်းအံ့ဩရသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂုဏ်သတင်းကြောင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အလွန်မျက်နှာပွင့်လန်းကာ ကျက်သရေအပေါင်းတို့ဖြင့် ပြည့်လျှမ်းဝေဆာလျက်ရှိပါကြောင်း ကြည်ညိုသဒ္ဓါပွား၍ ရေးသားပူဇော်လိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဩဂုတ် ၂၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၈၇၀၄၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“မန္တလေး တောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ တက်ရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေနဲ့ မန္တလေးတောင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူးမြော်သူတွေအတွက်လဲ လမ်းတွေကိုချဲ့ပေးထားပြီး ပြုပြင်ခင်းကျင်းပေးထားပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေနဲ့ စားသောက်ဆိုင်တွေမှာလဲ ဝယ်ယူစားသောက်သူတွေနဲ့ စည်ကားနေပါတယ်”ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၆၉၂၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၇၆၄၁၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၃၇၁၀ လာရောက်ဖူးမြော်ကြောင်း ဝေဠုဝနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင်ဦးရေ ၁၀၀၀ ကျော်ရှိလာ

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနှင့်အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၁၀၀၀ ကျော်ထိ ရှိလာကြောင်း အမှတ် (၁၂၃)ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးမြို့တွင်း ကုသိုလ်တော်ဘုရား၊ ရွှေကျောင်းကြီး၊ ဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ်(၁၂၃) လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

“အခုလတ်တလော မန္တလေးမြို့မှာက လိုင်းကားတွေနဲ့လိုက်ပါစီးနင်းမှုအများဆုံးကတော့ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်တဲ့ ခရီးသည်တွေအများဆုံးပါ။ နယ်ကနေလာတဲ့ လိုင်းကားစီးနင်းပြီး မန္တလေးမြို့တွင်း ဘုရားဖူးမဲ့ ခရီးသည်တွေ အခုလတ်တလော တော်တော်လေးများလာတယ်”ဟု ဦးမြင့်ငွေက ပြောပြသည်။

မန္တလေးမြို့တွင်း လမ်းကြောင်းများသို့ အမှတ်(၁၂၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ ဩဂုတ်လဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၉၀၀ ကျော်သာရှိခဲ့သော်လည်း ဩဂုတ်လနောက်ဆုံးပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင်ဦးရေ ၁၀၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

“အခုလတ်တလော မန္တလေးမြို့တွင်း လိုက်ပါစီးနင်းမှုအများဆုံးလမ်းကြောင်းကတော့ မန္တလေးဈေးချိုတော်၊ ကုသိုလ်တော်ဘုရားနဲ့ ရွှေကျောင်းကြီးဘက်ကို ပြေးဆွဲနေတဲ့ လိုင်းကားတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု အများဆုံးပါ။ တချို့ကကျတော့လဲ လက်လုပ်လက်စား ဈေးရောင်းတဲ့ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေ ရှိပါတယ်” ဟု အမှတ် (၁၂၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ဒေသစုံမှဝင်ရောက်လာသည့် ဗမာကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဩဂုတ် ၂၆**

မန္တလေး အောင်မြေသာစံခရိုင် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ဒေသစုံမှဝင်ရောက်လာသည့် ဗမာကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ နယ်စုံဒေသမှ ထွက်ရှိဝင်ရောက်လာသည့် ဗမာကြက်သွန်ဖြူများ နေ့စဉ်ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ ယခုလက်ရှိ ဗမာကြက်သွန်ဖြူဈေးနှုန်းများမှာ အရွယ်အစားပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ ထိ အရောင်းအဝယ်ဖြစ်ကာ ဈေးကောင်း ရရှိနေကြောင်း သိရသည်။

“မန္တလေးဈေးကွက်အတွင်းကို ဗမာကြက်သွန်ဖြူတွေ ဝင်ရောက်လာပြီး ဈေးကောင်းရနေပါတယ်။ ဗမာကြက်သွန်ဖြူက ကျန်းမာရေးအတွက်လဲ အထောက်အကူပြုတယ်။ ဒေသစုံက အပြိုင်ထွက်ရှိလာတော့ ဈေးကွက်အတွင်းကို ဗမာကြက်သွန်ဖြူတွေ နေ့စဉ်လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ စိုက်တဲ့သူလဲ နည်းသွားတယ်။ ဒါကြောင့် ဈေးကောင်းရနေတာပါ။ အရောင်းအဝယ် ကောင်းနေတာကြောင့် တောင်သူတွေလဲ အဆင်ပြေကြပါတယ်”ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

ဗမာကြက်သွန်ဖြူကို ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သိန်းနီမြို့နယ် ကုန်းဆာ(မန်ပန်)ကျေးရွာ၌ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သိန်းနီ ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းဆာ(မန်ပန်)ကျေးရွာ၌ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းနှင့် ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းနှင့် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် ကုမ္ပဏီမှတာဝန်ရှိသူများက ကုန်းဆာ(မန်ပန်)ကျေးရွာ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်းလုပ်ငန်း အရှည် သုံးမိုင်နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ကုန်းဆာ (မန်ပန်) ကျေးရွာ၌ စိမ့်စမ်းရေပိုက်သွယ်တန်းခြင်း အရှည် သုံးမိုင်နှင့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် အောင်မြတ်ချာန်ကုမ္ပဏီက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၆၉၁ သန်းဖြင့် ဇူလိုင်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက ကုန်းဆာ (မန်ပန်) ကျေးရွာရှိ အိမ်ခြေ ၁၄၅ အိမ်၊ လူဦးရေ ၇၆၀ သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန်းနိုင်ဦး-ဒေါ်လင်းလင်းမြတ်(သား)မောင်ကောင်းဆက်နိုင်၊ မောင်ဝေယံဦး၊ မောင်သော်ဇံနိုင် (ရေကြည်မုန့်တီမိသားစု)က ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနံ့လေးမျိုး ၁၃၂၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကွမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံလေးမျိုး ၁၃၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံလေးမျိုး ၁၃၂၅ ဧကကို မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးသီးနှံလေးမျိုးမှာ ငရုတ်ဧက ၁၄၀၊ ကြံ ၅၈၅ ဧက၊ ကွမ်းပင် ၄၅၅ ဧက၊ နှမ်း ၁၄၅ ဧက စုစုပေါင်း ၁၃၂၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံလေးမျိုး ၁၃၂၅ ဧက လျာထားစိုက်ပျိုးထားပါတယ်။ မိုးသီးနှံတွေကို လျာထားချက်ပြည့်မီအောင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့နဲ့ နည်းပညာနဲ့ စိုက်ပျိုးရေးနည်းလမ်းတွေကို မြေပြင်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီး စိုက်ပျိုးပြီးသီးနှံတွေ အထွက်နှုန်းကောင်းစေဖို့၊ အရည်အသွေးကောင်းစေဖို့နဲ့ ပိုးမွှားအန္တရာယ်နဲ့ အခြားသဘာဝဘေးကြောင့် ပျက်စီးထိခိုက်တာမရှိစေဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ သွင်းအားစုများနှင့် အခြားလိုအပ်သည်များကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဒေသခံ တောင်သူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မတ္တရာမြို့နယ် ကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မတ္တရာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းတစ်ဖက်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်က အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာကြီးကြပ်မှုကော်မတီဝင်များက မတ္တရာမြို့နယ် ကမ်းတစ်ဖက်ကျေးရွာအုပ်စု ကုန်းကြီးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး၊ အရောင်း အဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်ထံမှ သိရသည်။

**ချမ်းဦးကို**

# အုတ်တွင်းမြို့နယ် ပန်းအိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေး

**အုတ်တွင်း ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းအိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိစုရပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ် ပန်းအိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါစီမံကိန်း ရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ပြောပြ၍ သိရသည်။

**ကိုညို**



# ကြွယ်ဝမှုကိုတည်ထောင်ထိန်းသိမ်းကြရအောင်

**မျိုးသူ(ကုန်သွယ်မြှင့်)**

ငွေကြေးချမ်းသာကြွယ်ဝမှုကို ရရှိအောင်ဆောင်ရွက်သည့်လမ်းကြောင်းကို အကျဉ်းဆိုရလျှင် ရုန်းကန်ကြိုးစားရသည့်အဆင့်၊ တည်ငြိမ်လာသည့်အဆင့်၊ အသင့်အတင့်ကြွယ်ဝသောအဆင့်နှင့် ကြွယ်ဝချမ်းသာသည့်အဆင့်ဟု ခွဲခြားထားသည်။ စားဝတ်နေရေးအတွက် ငွေကြေးရှာဖွေကြရာတွင် ချမ်းသာကြွယ်ဝရေးအတွက် ကြိုးစားကြသည်သာဖြစ်သည်။ ရုန်းကန်ကြိုးစားရသည့်အဆင့်ကို ကျော်လွန်လာသည့်တိုင်အောင် အသင့်အတင့်ကြွယ်ဝသောအဆင့်တွင် ကျေနပ်နေ၍မရဘဲ ပြန်လည်လျော့ကျမသွားစေရန် ထိန်းသိမ်းရန်လိုအပ်ပြီး ပိုမိုချမ်းသာကြွယ်ဝရန်လည်း ဆက်လက်ကြိုးပမ်းရမည်။ သို့မှသာ ချမ်းသာကြွယ်ဝမှုသည် အသက်အရွယ်အိုမင်းသည်ထိ တည်တံ့ကာ အိုကံကောင်းသည်ဟုခေါ် ဆိုနိုင်သောအခြေအနေကို ကြုံတွေ့နိုင်သည်။

ထိုသို့ ကြွယ်ဝမှုကိုတိုးတက်စေနိုင်သည့်နည်းလမ်းသုံးသွယ်တွင် ပထမဆုံးနည်းလမ်းမှာ အခြေခံလိုအပ်သည့်ငွေကြေးကို ကျော်လွန်သည့်ဝင်ငွေရရှိအောင် ရှာဖွေနိုင်ရန်လိုအပ်သည်။ ဝင်ငွေက ကုန်ကျစရိတ်ထက်ကျော်လွန်မှသာ လက်ဝယ်တွင် ငွေလက်ကျန်ဖြစ်ပေါ်ပြီး စုဆောင်းနိုင်မည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ကုန်ကျစရိတ်များကို သေချာစွာစိစစ်ပြီး ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် မလိုအပ်သည့် ကုန်ကျစရိတ်အားလုံးကို စွန့်လွှတ်ရမည်ဖြစ်သည်။ ဥပမာ-ဆေးလိပ်၊ အရက်၊ ကွမ်းနှင့် နှစ်လုံးထီ၊ သုံးလုံးထီမှအစ လောင်းကစားပေါင်းစုံ၊ ဂိမ်းများအတွက် ငွေကြေးကုန်ကျခြင်း စသည့်ကိစ္စများကို လုံးဝရှောင်ကြဉ်ခြင်းမျိုးဖြစ်သည်။ တတိယအဆင့်မှာ ရရှိလာသောငွေကြေးများ၊ စုဆောင်းရရှိမှုများကို အမျိုးမျိုးသောအရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်ကြိုးစားရမည်ဖြစ်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံနိုင်မှသာ ရေရှည်တွင် ခံနိုင်ရည်ရှိမည်ဖြစ်သည်။

အချို့ပညာရှင်များကလည်း ချမ်းသာကြွယ်ဝမှုကို တည်ဆောက်ရန်အတွက် အဓိကသော့ချက် လေးခုရှိသည်ဟုဆိုကြသည်။ ပထမဆုံးအချက်မှာ စမတ်ကျကျစုဆောင်းနိုင်ရေးဖြစ်သည်။ စုဆောင်းခြင်းသည် ချမ်းသာကြွယ်ဝခြင်း၏ ပထမခြေလှမ်းဖြစ်သည်ဟု ဆိုသည်။ ဒုတိယအချက်မှာ စုဆောင်းရရှိလာသောငွေကြေးဥစ္စာများကို သေချာသောရင်းနှီးမြှုပ်နှံမှုပြုလုပ်ရမည်ဟုဆိုသည်။ တတိယအချက်မှာ ရင်းနှီးမြှုပ်နှံထားသောငွေကြေးများကို အခါအားလျော်စွာတိုးတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ စတုတ္ထအချက်မှာ မမျှော်လင့်သောဝင်ငွေအစုအပုံရသည့်အခါမျိုးတွင် သုံးစွဲမပစ်ဘဲ တစ်နေရာတွင်ရင်းနှီးမြှုပ်နှံထားပါဟု ဖြစ်သည်။ မမျှော်လင့်သောဝင်ငွေမှာ ဂုဏ်ပြုခံရခြင်း၊ အမွေရခြင်း စသည့်ကိစ္စမျိုးကို သုံးစရာရှိသည်များကိုရွှေ့တန်းတင်ပြီး သုံးစွဲမပစ်ဘဲ စိတ်ချရသောတစ်နေရာတွင် ရင်းနှီးမြှုပ်နှံရမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ပုံမှန်တွင်ချွေတာနိုင်သော်လည်း ယခုကဲ့သို့ မမျှော်လင့်ဘဲငွေဝင်လာသည့်အခါမျိုးတွင် ပုံမှန်အတိုင်းသုံးစွဲနေသည့်ပမာဏထက် ပိုမိုသုံးစွဲတတ်ကြသဖြင့် ငွေကြေးချမ်းသာကြွယ်ဝမှုနှင့် ကင်းကွာရတတ်သည်။

### ငွေကြေးကို စီမံခန့်ခွဲပါ

ပထမဆုံးဝင်ငွေကို ထွက်ငွေထက်ပိုအောင်ရှာပါ။ ဝင်ငွေက ထွက်ငွေထက်များလာသည့်အခါတွင် အရ၊ အသုံးကို ကြိုတင်ခန့်မှန်းချက်ထားရှိပြီး စီမံထားပါ။ ထိုသို့ အရ၊ အသုံးကို ကြိုတင်ခန့်မှန်းခြင်းသည် ချမ်းသာကြွယ်ဝမှုကိုထိန်းသိမ်းရာတွင် အလွန်အရေးကြီးသော ကိစ္စတစ်ခုဖြစ်သည်။ အထူးသဖြင့် ကုန်ကျစရိတ်ကို အချိန်တစ်ခုသတ်မှတ်ပြီး အရေးကြီးသုံးစွဲရန်ရှိသည့်ငွေကြေးပမာဏကို တွက်ချက်ကြည့်ထားခြင်းဖြစ်သည်။ ပထမဦးစွာ မိမိ၏ ဝင်ငွေနှင့်ကုန်ကျစရိတ်ကို အသေအချာသိရှိထားရန် လိုအပ်သည်။ အထူးသဖြင့် ဝင်ငွေကို အတိအကျသိမှသာ ခန့်မှန်းထားသည်ထဲမှ မည်ရွေ့မည်မျှကို သုံးစွဲမည်၊ မည်သည့်အသုံးစရိတ်ကို ဦးစားပေးမည်။ အထူးသဖြင့် စားဝတ်နေရေးကို မိမိ၏ကိုယ်ပိုင် Budget တွင် အရေးကြီးကုန်ကျစရိတ်အဖြစ် ထည့်သွင်းထားရမည်ဖြစ်သည်။ ဆန်နှင့်ဆီကို လျှော့စားခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်သကဲ့သို့ ကုန်ကျစရိတ်ကိုလည်း ထိုက်သင့်အားလျော်စွာထိန်းသိမ်းပြီးဖြစ်သည်။ ထို့ပြင် နေ့စဉ်ရုံးသို့သွားရမည့် ဘတ်စကားခ၊ အစားအသောက်အတွက်ကုန်ကျစရိတ်၊ ငှားရမ်းခများ၊ ရေဖိုး၊ မီးဖိုးများ၊ တယ်လီဖုန်းဘီလ်ဖိုးများ စသည့်စရိတ်များကို အနည်းဆုံးပမာဏဖြင့် တွက်ချက်စိစစ်ထားရန်လိုအပ်သည်။

> ❖ ထိုသို့ ကြွယ်ဝမှုကိုတိုးတက်စေနိုင်သည့် နည်းလမ်းသုံးသွယ်တွင် ပထမဆုံးနည်းလမ်းမှာ အခြေခံလိုအပ်သည့်ငွေကြေးကို ကျော်လွန်သည့် ဝင်ငွေရရှိအောင် ရှာဖွေနိုင်ရန်လိုအပ်သည်။ ဝင်ငွေက ကုန်ကျစရိတ်ထက် ကျော်လွန်မှသာ လက်ဝယ်တွင် ငွေလက်ကျန်ဖြစ်ပေါ်ပြီး စုဆောင်းနိုင်မည် ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ကုန်ကျစရိတ်များကို သေချာစွာစိစစ်ပြီး ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် မလိုအပ်သည့်ကုန်ကျစရိတ် အားလုံးကို စွန့်လွှတ်ရမည်ဖြစ်သည်။ ❖

ထို့ပြင် အရေးပေါ်ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားနိုင်ခြင်းမရှိလျှင် ချက်ချင်းစတင်ထူထောင်ထားသင့်သည်။ အချိန်တိုဖြစ်စေ၊ အချိန်ကြာမြင့်စွာဖြစ်စေ ငွေစုဆောင်းခြင်းကိုလည်း ဆောင်ရွက်ရန်လိုအပ်သည်။ ငွေစုဆောင်းခြင်းအလေ့ကို ထားခြင်းသည်လည်း ဝင်ငွေတိုးအောင်ဆောင်ရွက်သည့် နည်းလမ်းတစ်ခုတွင် ပါဝင်သည်။ ငွေကြေးကို တစ်စတစ်စတိုးလာအောင်စုဆောင်းနိုင်ရမည်ဖြစ်ပြီး ကိုယ်ပိုင်အိမ်တစ်လုံး မဖြစ်မနေရှိထားရန် လိုအပ်သည်။ အဆိုပါ အိမ်ပိုင်ရှိထားခြင်းသည် ငွေကြေးအင်အားကိုဖြစ်စေသည်။ ထိုအိမ်ကိုအမှီပြု၍ ငွေချေးငှားပြီး လုပ်ငန်းကို တိုးချဲ့နိုင်သည်။

### ဝင်ငွေကို တိုးတက်ရှာဖွေပါ

ငွေကြေးကို စီမံခန့်ခွဲပြီးသုံးစွဲရန် စီစဉ်နေသည်နှင့်တစ်ချိန်တည်းတွင်ပင် မိမိဝင်ငွေကို တိုးတက်များပြားအောင်လုပ်နိုင်ရန်လည်း စဉ်းစားဆောင်ရွက်ရန်လိုအပ်သည်။ လက်ရှိအလုပ်တွင် ဝင်ငွေတိုးလာအောင်မည်သို့ပြုလုပ်နိုင်မည်ကို ဦးစွာစဉ်းစားရန်လိုအပ်သည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်လျှင် နည်းလမ်းများရှာနိုင်မည်ဖြစ်သည်။ ဝန်ထမ်းဖြစ်လျှင် လစာတိုးတက်ရရှိအောင်ဆောင်ရွက်ရန်မလွယ်ကူသော်လည်း အိမ်တွင်း၌လက်မှု၊ စက်မှုလုပ်ငန်းငယ်များထူထောင်ပြီး အပိုဝင်ငွေရှာသည့်လုပ်ငန်းမျိုးကို ဆောင်ရွက်နိုင်သည်။ ကျွမ်းကျင်သည့်လုပ်ငန်းတစ်ခုခုမှ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။

ဝင်ငွေတိုးရန်နည်းလမ်းကို မိသားစုတစ်ခုတွင် တစ်ဦးတည်းအလုပ်လုပ်၍ ငွေရှာခြင်းအစား မိသားစုဝင်များထဲတွင် အခြားတစ်ဦးဦးက ဝင်ငွေရှာနိုင်လျှင်လည်း မိသားစုဝင်ငွေတိုးလာမည်ဖြစ်သည်။ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုခုကို ကျွမ်းကျင်ပါကလည်း ဒုတိယဝင်ငွေအဖြစ် မိသားစုဝင်ငွေတိုးတက်စေနိုင်သည်ကိုတွေ့ရသည်။ လက်ရက်ကန်းလုပ်ငန်း၊ ဖျာနှင့်တောင်းရက်ခြင်း၊ အိမ်ဆိုင်ပြုလုပ်ခြင်း၊ အွန်လိုင်းမှ ဈေးရောင်းခြင်း၊ အချိန်ပိုင်းစာသင်ခြင်း၊ ညဘက်ဈေးရောင်းခြင်း၊ လျှပ်စစ်ပစ္စည်းများကို အိမ်တွင်ပြုပြင်ခြင်းစသည့် ဒုတိယဝင်ငွေရှာခြင်းများကိုဆောင်ရွက်ခြင်းဖြင့်လည်း ဝင်ငွေတိုးအောင်ဆောင်ရွက်နိုင်သည်။

### ဉာဏ်သုံး၍ ရင်းနှီးမြှုပ်နှံပါ

ဉာဏ်သုံး၍ ရင်းနှီးမြှုပ်နှံပါဆိုသည်မှာ ကံတစ်ခုတည်းကိုသာအားကိုး၍လည်းကောင်း၊ အခြားသူများလုပ်သည့်လုပ်ငန်းဖြစ်၍လုပ်ခြင်းမျိုးကို မျက်စိမှိတ်ယုံကြည်ပြီးလုပ်ခြင်းမျိုးကိုလည်းကောင်း သတိပြုစေလို၍ဖြစ်သည်။ ငွေကြေးအပိုအလျှံ အနည်းငယ်ရှိလာသည်နှင့် အဆိုပါငွေကြေးကို ပွားများအောင်စဉ်းစားတတ်စမြဲဖြစ်သည်။ သို့ရာတွင် မကြာခဏမြင်တွေ့နေရသည့် ငွေကြေးအများအပြားကို လူအများအပြားထံမှ လိမ်လည်ထွက်ပြေးနေသည့်လုပ်ငန်းများကိုကြည့်လျှင် သတိပြုဆင်ခြင်ရမည်များကို တွေ့နိုင်သည်။ ရိုးသားစွာရှာဖွေရရှိလာသည့်ငွေကြေးများကို အတိုးများစွာပေးသည့်လုပ်ငန်းတွင် ဝင်ရောက်ထည့်ဝင်ထားပြီး ဆုံးရှုံးကြရသည်မှာ ဝမ်းနည်းစရာအလွန်ကောင်းသည်။ ထိုသို့မဖြစ်စေရန်အတွက် ဉာဏ်ကိုသုံး၍ ရင်းနှီးမြှုပ်နှံပါဟု ဆိုခြင်းဖြစ်သည်။

ယုံကြည်မှုတစ်ခုတည်းဖြင့် ငွေအရင်းအနှီးထည့်ဝင်ခြင်းမျိုးမလုပ်ဘဲ ဥပဒေကြောင်းအရ ခိုင်မာသောရင်းနှီးမြှုပ်နှံမှုမျိုးကို ဦးစားပေးစဉ်းစားသင့်သည်။ ထို့ပြင် ငွေဖြစ်လွယ်သော၊ ပေါင်နှံရောင်းချရလွယ်သောပစ္စည်းများကိုဝယ်ယူထားပြီး ရင်းနှီးမြှုပ်နှံခြင်းမျိုးကိုလည်း ဆောင်ရွက်နိုင်သည်။ ရင်းနှီးမြှုပ်နှံရာတွင်လည်း "ပိုင်ဆိုင်သမျှကြက်ဥကို ခြင်းတစ်ခုတည်းတွင် မထည့်ပါနှင့်"ဟူသောစကားကဲ့သို့ပင် တစ်နေရာတည်းတွင် ပုံအောရင်းနှီးမြှုပ်နှံထားပါက မိမိရင်းနှီးမြှုပ်နှံထားသည့်အဆိုပါလုပ်ငန်း ဆုံးရှုံးသည့်အခါတွင် မိမိ၏ ပိုင်ဆိုင်မှုအားလုံးလည်း ဆုံးရှုံးသွားနိုင်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများကို သေချာစွာရင်းနှီးမြှုပ်နှံရန်လိုအပ်သည်။ နှစ်ခု၊ သုံးခုခွဲခြားထားရန် လိုအပ်သည်။ ထို့ပြင် ကြွေးမြီများရှိနေတတ်သည်ကိုလည်း သေချာစွာစဉ်းစားပြီး ဆက်လက်ချေးငှားရန် သင့်၊ မသင့်၊ ပြန်ဆပ်နိုင်ခြေ စသည်တို့ကို သေချာစဉ်းစားသင့်သည်။ အတိုးနှုန်းနည်းသည့်ချေးငွေများဖြင့်သာ လုပ်ငန်းတိုးချဲ့သင့်သည်။ ငွေချေး၍ရနိုင်သည့်နေရာကိုလည်း ကြိုတင်တွက်ဆထားရန်လိုအပ်သည်။

ငွေချေးငှားမှုကို လုပ်ငန်းရှင်အများအပြားကင်းလွတ်မှုမရှိတတ်ပါ။ ထို့ပြင် အရစ်ကျဝယ်ယူသည့်လုပ်ငန်းများကိုလည်း စဉ်းစားသင့်သည်။ တစ်ကြိမ်တည်းငွေချေ၍ ပစ္စည်းတစ်ခုကိုဝယ်ယူခြင်းအစား အရစ်ကျစနစ်ဖြင့်ဝယ်ယူခြင်းမျိုးကို ပိုမိုလုပ်ကိုင်သင့်သည်။ ငွေဖောင်းပွမှုရှိသည့်အချိန်မျိုးတွင် အရစ်ကျနှစ်ရှည်ဝယ်ယူထားသည်က ပိုမိုကောင်းမွန်သည်ကို မြင်နိုင်သည်။ ငွေကြေးစုဆောင်းနိုင်ရန် စဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် ဝင်ငွေကိုပိုရှာရမည်။ သုံးစွဲမှုနှင့် ကုန်ကျစရိတ်ကို တတ်နိုင်သမျှ လျှော့ချရန်လိုအပ်သည်။ သုံးစရာကိုမရှိဟုပြောတတ်ကြသည်။

သို့ရာတွင် ဝင်ငွေနည်းသောမိသားစုများတွင် မလိုအပ်သော ကုန်ကျစရိတ်များရှိနေခြင်းက အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ ရှိမည်ဖြစ်သည်ကိုသတိပြုရန်လိုအပ်သည်။ မြို့ပြများ၏ညနေပိုင်း၌ ဘီယာဆိုင်၊ အရက်ဆိုင်များတွင် လူစည်ကားနေတတ်သည်။ သွားရောက်ကြည့်လျှင် လက်လုပ်လက်စားလူငယ်အများအပြားကိုတွေ့နိုင်သည်။ တစ်ခါတစ်ရံသောက်သည်၊ သူတိုက်ကိုယ်တိုက်နှင့် နေ့တိုင်းလိုလိုသောက်ဖြစ်နေသည်ဆိုသည်များမှာ မလိုအပ်သောကုန်ကျစရိတ်များဖြစ်သည်ကို တွေ့နေရသည်။ လုပ်ငန်းတူလုပ်သောလူငယ်နှစ်ဦးကို ၁၀ နှစ်ခန့်အကြာတွင် ပြန်ကြည့်ပါက တိုးတက်မှု၌ ကွာခြားသွားတတ်သည်ကို တွေ့နေရတတ်သည်။ ထိုသို့ ကွာခြားရခြင်းမှာ များသောအားဖြင့် ကုန်ကျစရိတ်များကို ဉာဏ်ဖြင့်မထိန်းသိမ်းနိုင်ခြင်းနှင့် ဝင်ငွေတိုးတက်မရှာဖွေခြင်းကြောင့်ဖြစ်သည်။

### အစိတ်အပိုင်းငယ်များကို စုစည်းပါ

ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ပါဟုဆိုရာတွင် တစ်နေရာတည်းတွင် ပိုင်ဆိုင်သမျှအားလုံးမထည့်ရန်လိုအပ်သော်လည်း အစိတ်အပိုင်းငယ်များစွာဖြစ်နေခြင်းမျိုးကိုလည်း စုစည်းနိုင်ရန်လိုအပ်သည်။ လှပသောပန်းချီကားတစ်ချပ်သည် ဆေးရောင်အနည်းငယ်စီဖြင့် စီခြယ်ထားသကဲ့သို့ ပိုင်ဆိုင်မှုများ၊ ငွေကြေးများသည် ပြန့်ကျဲနေသည့်အခါမျိုးတွင် စုစည်း၍ ပိုမိုကြီးမားသောလုပ်ငန်းထူထောင်ခြင်းမျိုးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဝင်ငွေနည်းသော လုပ်ငန်းငယ်လေးများကိုစုစည်းပြီး ဝင်ငွေကောင်းသောလုပ်ငန်းကြီးဖြစ်စေရေးအတွက် စုစည်းဆောင်ရွက်နိုင်ရန်လိုအပ်သည်။ အစိတ်စိတ်ဖြစ်နေသော လုပ်ငန်းများကို စုပေါင်းပြီး ပိုမိုကြီးမား၍ ပိုမိုဝင်ငွေကောင်းလာစေရေးဆောင်ရွက်သွားရမည်။

မိတ်ဆွေတစ်ဦးသည် ဆိုင်ကယ်တစ်စီးဝယ်၍ ဆိုင်ကယ်တက္ကစီထောင်ပြီး နှစ်နှစ်ခန့်အကြာတွင် နောက်ထပ် တစ်စီးထောင်နိုင်လာသည်။ ထို့နောက် နှစ်စီးမှ သုံးစီး၊ သုံးစီးမှ လေးစီးထောင်နိုင်လာသည်။ တစ်ဖက်တွင်လည်း ဆိုင်ကယ်ပြင်ဆိုင်တစ်ခုထောင်ထားပြီး သူ့ဆိုင်ကယ်များပြင်စရိတ်သက်သာစေရန် ဆောင်ရွက်သကဲ့သို့ အခြားဆိုင်ကယ်များကို ပြင်ပေးခြင်းဖြင့်လည်း ဝင်ငွေရရှိစေသည်။ မကြာမီတွင် ဆိုင်ကယ်ပြင်ဆိုင်နှင့်တွဲပြီး ရေဆေးခုံနှင့်ဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်ကိုပါထောင်နိုင်လာသည်။ တစ်စတစ်စနှင့်ဆိုင်ကယ်နှင့်ပတ်သက်၍ ကျွမ်းကျင်မှုများစွာဖြစ်လာသောအခါ ဆိုင်ကယ်တင်သွင်းသည့်လုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ခြင်းများတွေ့လာရသည်။


### ပြည့်စုံမှုကို တိုးတက်ရန်နှင့် ကြာရှည်စံအောင် ဆောင်ရွက်ပါ

စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်နှင့်အမျှ စွန့်စားမှုသည်လည်း အနည်းနှင့်အများရှိနေမည်ပင်ဖြစ်သည်။ ငွေကြေးရှာဖွေစုဆောင်းရာတွင် High Risk, High Return. ဟုပြောတတ်ကြသည်။ သို့ရာတွင် ငွေကြေးအကျိုးအမြတ်များသောလုပ်ငန်းတိုင်း စွန့်စားမှုကြီးမားသည်မဟုတ်ပါ။ စီးပွားရေးအတွက် စွန့်စားသည်ဆိုရာတွင်လည်း လောင်းကစားလုပ်ငန်းကဲ့သို့ စွန့်စားခြင်းမျိုးလုပ်ရန်မဟုတ်ပါ။ ထို့ကြောင့် စီးပွားရေးကို တိုးတက်ခိုင်မာစေရန်ဆောင်ရွက်မည်ဆိုလျှင် လောင်းကစားဆန်သောလုပ်ငန်းမျိုးကိုလည်း ရှောင်ရှားသင့်သည်။ ရေတိုရေရှည်စွန့်စားမှုများကို ရင်ဆိုင်ကျော်လွှားကြရာတွင် အကောင်းဆုံးသော ရေတိုစွန့်စားမှုကို ရင်ဆိုင်နိုင်သည့်နည်းလမ်းမှာ ကိုယ်ပိုင်အရေးပေါ်ရန်ပုံငွေတစ်ခု ထူထောင်ထားရန်ဖြစ်သည်။

အရေးပေါ်ရန်ပုံငွေ၏ပမာဏသည် မိသားစုကုန်ကျစရိတ် လေး၊ ငါး၊ ခြောက်လစာမျှအနည်းဆုံးရှိရန်လိုအပ်သည်။ ထိုသို့ အရေးပေါ်ရန်ပုံငွေအဖြစ်ထားရှိခြင်းဖြင့် လုပ်ငန်းအဆင်မပြေသည့်အခါ၊ ဝင်ငွေရပ်တန့်သည့်အခါမျိုးတွင် ကုစားနိုင်မည်ဖြစ်သည်။ ထို့ပြင် အရေးပေါ်ရန်ပုံငွေအဖြစ် ငွေဖြစ်လွယ်သောပိုင်ဆိုင်မှုပစ္စည်းများကိုလည်း စုဆောင်းထားသင့်သည်။ အခြားသောတွေ့ကြုံရတတ်သည့်စွန့်စားမှုများမှာ ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ဖြစ်တတ်သည်။ ရင်းနှီးမြှုပ်နှံမှုများ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၅၉၈ ဧက စိုက်ပျိုးပြီးစီး

**ကလေးဝ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၅၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၈၅၂၆ ဧကစိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၉၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးဝမြို့နယ်မှာ မိုးစပါးဧက ၁၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ အခုဧက ၂၅၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ နည်းပညာတွေပံ့ပိုးပေးတာ၊ ပိုးမွှား ရောဂါမကျရောက်စေဖို့နဲ့ စပါးအထွက်တိုးစေဖို့အတွက် ပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့်မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ကလေးဝမြို့နယ်တွင် ပြီးခဲ့သည့်နှစ်က မိုးစပါး ၂၀၉၅၃ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၂၁၁၄၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ၁၉၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ကလေးဝမြို့နယ်၌ မိုးစပါးစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ၊ အထွက်နှုန်းကောင်းမျိုးများစိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်ရန် နည်းပညာများပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် ရောမင်း၊ ဆင်းသုခ၊ ဆင်းကေရီ(၃)၊ပုလဲသွယ်၊ ရွှေဘိုပေါ်ဆန်းနှင့် ဒေသမျိုးစပါးများကို အဓိကထား၍ စိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

ကို မကြာခဏပြန်လည်စိစစ်သုံးသပ်ခြင်းမျိုးကိုလည်း ဆောင်ရွက်သင့်သည်။ သို့မှသာ စွန့်စားမှုများလျှော့ချခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပိုင်ဆိုင်သည့်ငွေကြေးများကို တစ်နေရာတည်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အလွန်အမင်းစွန့်စားရာရောက်သည်ကို တင်ပြပြီးဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် တစ်ဖက်တွင် အာမခံချက်ကိုတည်ဆောက်ထားရန် လိုအပ်သည်။

ဥပမာ-မော်တော်ကားကို လုပ်ငန်းသုံးအတွက် ဝယ်ယူထားသော်လည်း မော်တော်ကားအာမခံမထားရှိပါက စွန့်စားမှုကြီးမားသဖြင့် အာမခံကိုသေသေချာချာပြုလုပ်ထားရန်လိုအပ်သည်။ ထို့အတူ အိမ်ဖြစ်စေ၊ လုပ်ငန်းဖြစ်စေ ရင်းနှီးမြှုပ်နှံမှုတိုင်းကို အထောက်အကူဖြစ်သည့် အာမခံကိစ္စကို ဆောင်ရွက်ထားရန်လိုအပ်သည်။

**ရေရှည်ထိန်းသိမ်းရေး**

အထိုက်အလျောက်စီးပွားရေးအောင်မြင်လာသည့်အခါတွင် ရေရှည်အောင်မြင်ရန်နှင့် အောင်မြင်မှု ကြီးပွားမှုကို ထိန်းသိမ်းထားနိုင်ရန်အရေးကြီးလာသည်။ ရရှိသည့်ချမ်းသာကြွယ်ဝမှုကို ထိန်းသိမ်းထားနိုင်မှသာလျှင် အိုကံကောင်းနိုင်သည်။ ဝင်ငွေကို ပိုမိုရှာဖွေခြင်း၊ ကုန်ကျစရိတ်နှင့် အသုံးအစွဲကို တတ်နိုင်သမျှလျှော့ချခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းများနှင့် အာမခံချက်ရှိအောင်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်လာပြီးနောက် အတိုင်းအတာတစ်ခုထိ ကြွယ်ဝမှုရှိလာသည့်အချိန်တွင် အဆိုပါလုပ်ငန်းသို့မဟုတ် ငွေကြေးအရင်းအနှီးပိုင်ဆိုင်မှုများကို တည်တံ့အောင်ဆောင်ရွက်ရမည်ဖြစ်သည်။

အချို့သောစီးပွားရေးလုပ်ငန်းများတွင် အဖေမှသားသမီးသို့ လုပ်ငန်းအမွေအဖြစ်ပေးအပ်နိုင်သည့်အတွက် ချမ်းသာကြွယ်ဝမှုကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ကြသည်ကို တွေ့ရသည်။ ဝန်ထမ်းများတွင် သားသမီးကို လုပ်ငန်းအမွေပေးရန်ခက်ခဲတတ်သည်။ ကိုယ်ပိုင်လုပ်ငန်းပိုင်ဆိုင်သူများက သားသမီးကို လုပ်ငန်းအမွေပေးနိုင်သည့်အားသာချက်ကို သတိပြုရန်လိုအပ်သည်။ ဝန်ထမ်းများတွင် သားသမီးကိုမိမိတို့ပိုင်ဆိုင်မှုကို အမွေပေးခြင်း၊ ထိန်းသိမ်းစေခြင်းနှင့် ပညာအမွေပေးခြင်းတို့သည် အရေးကြီးသောပိုင်ဆိုင်မှု လွှဲပြောင်းခြင်းများဖြစ်သည်။ အထူးသဖြင့် အိုးအိမ်ပိုင်ဆိုင်မှုများကို ပင်စင်ယူချိန်တွင်ရရှိအောင် ဆောင်ရွက်ထားနိုင်ရန်လိုအပ်ပြီး ပိုင်ဆိုင်လာသည့်အိုးအိမ်က သားသမီးများကို မှန်မှန်ကန်ကန်အမွေပေးနိုင်ရန်လိုအပ်သည်။

လယ်ယာမြေပိုင်ဆိုင်မှုများတွင် သားသမီးများက မိဘအမွေကို တိုးတက်အောင်ဆောင်ရွက်နိုင်သည်ထက် ခွဲခြမ်းစိတ်ဖြာယူကြသဖြင့် ပိုင်ဆိုင်မှုအင်အားကျဆင်းပြီး အကြီးစားမှ အလတ်စား၊ အလတ်စားမှ အသေးစားသို့ ကျဆင်းသွားရသည်ကိုလည်း သတိပြုရန်လိုအပ်သည်။ သို့ဖြစ်၍ မိဘပိုင်ဆိုင်မှုကို တိုးတက်အောင်၊ တည်တံ့အောင်၊ ခိုင်မာအောင်ဆောင်ရွက်နိုင်ရန်မှာ သားသမီးများနှင့် အမွေဆက်ခံသူများတွင်လည်းတာဝန်ရှိသည်။ မိသားစုတစ်ခုတွင် လုပ်ငန်းတစ်ခုကို မိဘကပိုင်ဆိုင်အောင်ဆောင်ရွက်ပေးနိုင်လျှင် သားသမီးနှင့် နောက်မျိုးဆက်များက ပိုမိုကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ တိုးတက်မလာသည့်တိုင်အောင် တည်တံ့နေစေရေးအတွက် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

# ပန်းတမာ

\- မြေအပူ ကမူကုန်းဆီ၌
နေအပူ ပြူစူမုန်းတဲ့ပြင်
လေအပူ ခြွေယူဦးမယ်လား
လုံးလုံးကွယ် မယ်မကြောက်ပေါင်တဲ့
အံ့လောက်တဲ့ ပန်းပါကွယ်။

\- ရေကြည် မသောက်နိုင်လို့
မြက်ခြောက် ခများမှိုင်တော့
ငိုင်နဲ့ကွယ် သူငယ်ချင်းရယ်တဲ့
နေမင်း ဆူဆူဝေလို့
အပူတွေ ဘယ်လိုမွှေ့ပေမယ့်
နေ့အကုန် ညအခင်းမှာဖြင့်
လမင်းက သာလိမ့်မယ်တဲ့။

\- လွမ်းတေး မဆိုချင်
ပန်းကလေး တော်မဝင်လို့
မပန်လျှင် ရင်မနင့်ပါဘူး
လေသင့်ရာ တကြူကြူနဲ့
နွားကျောင်းသူ အမောနမ်းလျှင်လဲ
ဝမ်းမြောက် ဂုဏ်ယူစွာနဲ့
ကိုယ့်ဝန်တာ ကျေပြီပဲရယ်လို့
မှတ်စွဲလို့ အလှဆင်မယ်
ဘဝမတွင်ကျယ်လို့ အားမငယ်ဘဲ။

\- ရှုစမ်းပါဆွေ
နုပန်းဝါ အညာနွေရဲ့
မြေ နေ လေ အပူတွေအောက်မှာဖြင့်
ကြွေပစေ သူလေမကြောက်တာကြောင့်
ဖူးညှောက် ဝေဝေဖြာတော့
အညာမှာ တမာပွင့်တွေနဲ့
ဂုဏ်တင့်တယ် ကြည်စရာလို့
သူသူ ငါ ရင်မှာလန်းတယ်ကွဲ့
ဝမ်းမြောက်စရာ တစ်ခန်းမရပ်သည့်ဖွဲ့ရယ်ကြောင့်
လမ်းတစ်လျှောက်မှာ လွမ်းမတတ်အပြည့်ကဲကြတယ်
ဩော် . . . ပန်းသတ္တိခဲ။ ။

**မြင်းမူမောင်နိုင်မိုး**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## ဝဂ္ဂနာပုဂ္ဂလိကလက်နက်ကိုင်အုပ်စုမှတပ်ဖွဲ့ဝင်များ ရုရှားအပေါ် သစ္စာခံရန် သမ္မတပူတင် ညွှန်ကြား



**မော်စကို ဩဂုတ် ၂၆**

ဝဂ္ဂနာပုဂ္ဂလိက လက်နက်ကိုင်အုပ်စုမှတပ်ဖွဲ့ဝင်များ ရုရှားနိုင်ငံအပေါ် သစ္စာခံရန် ရုရှားသမ္မတပူတင်က ဩဂုတ် ၂၅ ရက်တွင် အမိန့်ဒီကရီတစ်ရပ် လက်မှတ်ရေးထိုးရန် ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လေယာဉ် ပျက်ကျမှုကြောင့် ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင် သေဆုံးခဲ့ပြီးနောက် ဝဂ္ဂနာအုပ်စုဝင်များ ရုရှားနိုင်ငံအပေါ် သစ္စာခံရန် သမ္မတပူတင်က ညွှန်ကြားထားခြင်းဖြစ်သည်။

ဝဂ္ဂနာတပ်ဖွဲ့ဝင်များ ရုရှားနိုင်ငံအပေါ် သစ္စာခံရန် သမ္မတပူတင် ကညွှန်ကြားထားမှုသည် ဝဂ္ဂနာနှင့် အခြားပုဂ္ဂလိက လက်နက်ကိုင်အဖွဲ့များကို နိုင်ငံတော်၏ ထိန်းချုပ်မှုအောက်ထားရန် ရည်ရွယ်သည့် ခြေလှမ်းဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ရုရှားစစ်ဘက်ကိုယ်စား စစ်မှုထမ်းနေသူ၊ ယူကရိန်းအထူးစစ်ဆင်ရေးများကို ကူညီနေသူအားလုံး ရုရှားနိုင်ငံအပေါ် သစ္စာခံရန်လိုအပ်ကြောင်း ရုရှားသမ္မတ ပူတင်၏ အထူးအမိန့်ဒီကရီ၌ ဖော်ပြထားသည်။

ဝဂ္ဂနာခေါင်းဆောင် ပရီဂိုဇင် လိုက်ပါသွားသည့် လေယာဉ်သည် ဩဂုတ်၂၃ ရက်တွင် မော်စကိုမြို့ မြောက်ဘက်၌ ပျက်ကျခဲ့ရာ အသက်ရှင်သူမရှိခဲ့သည်ဟု ရုရှားအစိုးရက ကြေညာထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားအစိုးရသည် ပရီဂိုဇင်၏ လေယာဉ်ပျက်ကျမှုနောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။ KKO

## တူရကီသမ္မတ အာဒိုဂန်နှင့် မကြာမီကာလအတွင်း ရုရှားသမ္မတပူတင် တွေ့ဆုံဆွေးနွေးပွဲရှိ

**မော်စကို ဩဂုတ် ၂၆**

ရုရှားသမ္မတပူတင်သည် မကြာမီကာလအတွင်း တူရကီသမ္မတ အာဒိုဂန်နှင့် တွေ့ဆုံဆွေးနွေးပွဲရှိကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

တူရကီသမ္မတ အာဒိုဂန်သည် ပင်လယ်နက် ဆိပ်ကမ်းများမှတစ်ဆင့် ယူကရိန်းကောက်ပဲသီးနှံများ ပြည်ပတင်ပို့ခွင့်သဘောတူညီချက်နှင့်ပတ်သက်၍ ဆွေးနွေးရေးအတွက် ရုရှားသမ္မတ ပူတင်ကို တူရကီသို့လာရောက်ရန် ဖိတ်ကြားထားသည်။

သမ္မတပူတင်အနေဖြင့် မကြာမီကာလအတွင်း တူရကီသမ္မတနှင့် လူချင်းတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း၊ ဆွေးနွေးပွဲကျင်းပမည့်အချိန်နှင့်နေရာကို မကြာမီကြေညာမည်ဖြစ်ကြောင်း ရုရှားအစိုးရပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ဗ်က ဩဂုတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံသည် ပင်လယ်နက်ကောက်ပဲသီးနှံ သဘောတူညီချက်၌ ရုရှားကို ပြန်လည်ထည့်သွင်းရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

အဆိုပါ သဘောတူညီချက်သည် ယူကရိန်းစစ်ရေးပဋိပက္ခကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာ အကျပ်အတည်းပေါ်ပေါက်မည့်အရေးကို တားဆီးရေးအတွက် တူရကီနှင့် ကုလသမဂ္ဂတို့၏ကြားဝင်မှုဖြင့် ရုရှားနှင့် ယူကရိန်းတို့က ပြီးခဲ့သည့်နှစ် ဇူလိုင်လတွင် ရယူခဲ့သော သဘောတူညီချက်ဖြစ်သည်။

သို့သော် ရုရှား၏ ကောက်ပဲသီးနှံနှင့် ဓာတ်မြေဩဇာများတင်ပို့ရေးတောင်းဆိုချက်များ ပြည့်မီမှုမရှိသေးခြင်းကို အကြောင်းပြု၍ ရုရှားနိုင်ငံက ပြီးခဲ့သည့်လအတွင်း ပင်လယ်နက် သဘောတူညီချက်မှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

KKO

## ခရီးသွားများအတွက် နေ့စဉ်ဝင်ကြေးကို ဘူတန်အစိုးရထက်ဝက်လျှော့ချမည်

**သင်ဖူး ဩဂုတ် ၂၆**

ဟိမဝန္တာဒေသ ဘုရင့်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘူတန်နိုင်ငံသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ကြိုးစားသည့်အနေဖြင့် ခရီးသွားဧည့်သည်များအတွက် သတ်မှတ်ထားသည့် နေ့စဉ်ပြည်ဝင်ကြေးကို ထက်ဝက် လျှော့ချပေးမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘူတန်နိုင်ငံသည် နှစ်နှစ်ကျော်ကြာကျင့်သုံးခဲ့သော ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရေးစည်းမျဉ်းများကိုပြီးခဲ့သည့်နှစ်တွင်ပြန်လည်ရုပ်သိမ်းခဲ့ပြီးနောက် ဘူတန်သို့လာရောက်သည့်ခရီးသွားဧည့်သည်များကို နေ့စဉ်ဝင်ကြေး အမေရိကန်ဒေါ်လာ ၂၀၀ သတ်မှတ်ကောက်ခံခဲ့သည်။

အဆိုပါကောက်ခံကြေးများကို ခရီးသွားလုပ်ငန်းကြောင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်တက်လာခြင်းကိုထိန်းချုပ်ရေးအတွက် သုံးစွဲမည်ဖြစ်ကြောင်း ဘူတန်အစိုးရက ပြောကြားထားသည်။

သို့ရာတွင် ကိုဗစ်-၁၉ ကပ်ဘေးပြီးဆုံးပြီး တစ်နှစ်ကြာခဲ့ပြီဖြစ်သည့်တိုင် ဘူတန်၏ခရီးသွားလုပ်ငန်းမှာ ပြန်လည်ဦးမော့လာနိုင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများထံမှ ရေရှည်ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် ကောက်ခံနေသောနေ့စဉ်ဝင်ကြေး အမေရိကန်ဒေါ်လာ ၂၀၀ ကိုထက်ဝက်လျှော့၍ ဒေါ်လာ ၁၀၀ သာ ကောက်ခံမည်ဖြစ်ကြောင်း ဘူတန်အစိုးရကကြေညာထားသည်။

ကမ္ဘာလှည့်ခရီးသည်များအတွက် သတ်မှတ်ထားသည့် နေ့စဉ်ဝင်ကြေးသစ် အမေရိကန်ဒေါ်လာ ၁၀၀ သတ်မှတ်ချက်သည် ယခုနှစ် စက်တင်ဘာလတွင် စတင်အာဏာသက်ဝင်မည်ဖြစ်ပြီး လေးနှစ်ထိ အာဏာတည်မည် ဖြစ်သည်ဟု ဘူတန်အစိုးရကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။ KKO



## အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဂရိဝန်ကြီးချုပ် မစ်ဆိုတားကစ်တို့ အေသင်မြို့၌ တွေ့ဆုံဆွေးနွေး

**အေသင် ဩဂုတ် ၂၆**

နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးဆက်ဆံမှုများကိုမြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဂရိဝန်ကြီးချုပ်ကီရီယာကော့စ် မစ်ဆိုတားကစ်တို့က ဩဂုတ် ၂၅ ရက်တွင် သဘောတူခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဩဂုတ် ၂၅ ရက်တွင် ဂရိနိုင်ငံ အေသင်မြို့သို့ရောက်ရှိခဲ့ပြီး ဂရိဝန်ကြီးချုပ် မစ်ဆိုတားကစ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မိုဒီ၏ အဆိုပါခရီးစဉ်သည် နှစ်ပေါင်း ၄၀ အတွင်း အိန္ဒိယဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံးဂရိခရီးစဉ်ဖြစ်သည်။

ဂရိနိုင်ငံသို့ မိုဒီမတိုင်မီ သွားရောက်ခဲ့သည့် အိန္ဒိယဝန်ကြီးချုပ်မှာ အင်ဒီရာဂန္ဓီဖြစ်ပြီး ၁၉၈၃ ခုနှစ် စက်တင်ဘာလတွင် သွားရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ဂရိနှင့် အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို လက်ရှိထက် နှစ်ဆမြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ဂရိဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ဂရိနိုင်ငံတို့ကြား နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် ယူရိုငွေ ၁ ဒသမ ၃၂ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။ KKO

## တရုတ်ပိုးကြဲလေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များကို စောင့်ကြည့်ရန် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန တိုက်လေယာဉ်များစေလွှတ်

**တိုကျို ဩဂုတ် ၂၆**

ဂျပန်နိုင်ငံ အနောက်မြောက်ပိုင်း အိုကီနာဝါကျွန်းနှင့် တရုတ်(ထိုင်ပေ)ကျွန်းအနီး ပျံသန်းနေသည့် တရုတ်လေတပ်ဗုံးကြဲလေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များကို စောင့်ကြည့်ရေးအတွက် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၅ ရက်တွင် တိုက်လေယာဉ်များ စေလွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် တရုတ်လေတပ်မှ အိတ်ချ်-၆ မဟာဗျူဟာဗုံးကြဲလေယာဉ်နှစ်စင်းသည် အိုကီနာဝါကျွန်းနှင့် မီယာကိုကျွန်းစုကြား ရေလက်ကြားအတွင်း ပျံသန်းခဲ့ကြကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

မီယာကို ရေလက်ကြားသည် အရှေ့တရုတ်ပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာတို့ကို ချိတ်ဆက်ပေးထားသည့် ရေလက်ကြားဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်မောင်းသူမဲ့လေယာဉ်များအဖြစ် ယူဆရသော မောင်းသူမဲ့လေယာဉ်များကိုလည်း ဂျပန်နိုင်ငံအနောက်ပိုင်း ယိုနာဂူနီကျွန်းနှင့် တရုတ်(ထိုင်ပေ)အနီး ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကသီးခြားသတင်းထုတ်ပြန်ထားသည်။


အဆိုပါ မောင်းသူမဲ့လေယာဉ်များသည် ဂျပန်တိုက်လေယာဉ်များ စောင့်ကြည့်နေချိန်တွင် တရုတ်ပြည်မကြီးဘက်သို့ ဦးတည်ပျံသန်းသွားကြောင်း သိရသည်။

အာရှ-ပစိဖိတ်ဒေသရှိ အဓိကအမေရိကန် စစ်အခြေစိုက်စခန်းများအနက် တစ်ခုမှာ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ တည်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## နက်ပကျွန်းဂြိုဟ်ပေါ်၌ ရောမအနက်ရောင်အကွက်ကြီးတစ်ခု တည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထား





**ဝါရှင်တန် ဩဂုတ် ၂၆**

နက်ပကျွန်းဂြိုဟ်ပေါ်၌ ရောမ အနက်ရောင်အကွက်ကြီး တစ်ခု တည်ရှိနေမှုကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း The Daily Mailသတင်းစာက ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

နက်ပကျွန်းဂြိုဟ်လေထုလွှာအတွင်း ပေါ်ထွက်လာသည့်အဆိုပါ အနက်ရောင်အကွက်ကို အမေရိကန် သိပ္ပံပညာရှင်များက VLT ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အချင်းအားဖြင့် မိုင် ၆၂၀၀ ခန့်ရှိသည့် အဆိုပါအကွက်ကြီးသည် ဂရန့်ကင်ညွန်အမျိုးသားဥယျာဉ်ထက် အဆ ၂၀ ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ နက်ပကျွန်းဂြိုဟ်လေထုလွှာ အနက်ရောင်အကွက်ကို မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်ဖြင့် သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဗွိုင်ယေဂျာ-၂ အာကာသယာဉ်သည် ၁၉၈၉ ခုနှစ်တွင် နက်ပကျွန်းဂြိုဟ်လေထုလွှာအတွင်းရှိ အနက်ရောင်အကွက်တစ်ခုကို တွေ့ရှိခဲ့ဖူးကြောင်း သိရသည်။

သို့ရာတွင် နောင်နှစ်အနည်းငယ်အကြာတွင် ဗွိုင်ယေဂျာ-၂ တွေ့ရှိခဲ့ရသည့် အကွက်မှာ ပျောက်ကွယ်သွားခဲ့ကြောင်း သိရသည်။

KKO


## SLIM လဆင်းယာဉ်တစ်စင်းကို လွှတ်တင်ရန် ဂျပန်အမျိုးသားအာကာသအေဂျင်စီ ပြင်ဆင်နေ

**တိုကျို ဩဂုတ် ၂၆**

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် SLIM အမည်ရှိ လဆင်းယာဉ်တစ်စင်းကို လွှတ်တင်ရန် ပြင်ဆင်နေကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

လမျက်နှာပြင်ပေါ် တိကျစွာဆင်းသက်မှုနည်းပညာများကို စမ်းသပ်ရေးအတွက် SLIM လဆင်းယာဉ်ကို လွှတ်တင်ရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါ လဆင်းယာဉ်ကို ဩဂုတ် ၂၇ ရက်တွင် အိတ်ချ်-၂ အေဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။



လွှတ်တင်ပြီးချိန်တွင် SLIM လဆင်းယာဉ်သည် လမျက်နှာပြင်ပေါ်ရှိ ရှီအိုလီအမည်ရှိ ဥက္ကာချိုင့်ဝှမ်းဆင်ခြေလျှောနယ်မြေသို့ ဆင်းသက်ရန် ကြိုးစားမည်ဖြစ်သည်။

SLIM လဆင်းယာဉ်သည် အလေးချိန်ကီလိုဂရမ် ၅၉၀ ရှိပြီး အလေးချိန်စုစုပေါင်း၏ သုံးပုံနှစ်ပုံမှာ လောင်စာရည်များ၏အလေးချိန်ဖြစ်သည်။

ဂျပန် အာကာသအေဂျင်စီသည် SLIM လဆင်းယာဉ်နှင့်အတူ XRISM အမည်ရှိ X-Ray ရောင်ခြည်လေ့လာရေးဂြိုဟ်တုကိုပါ တစ်ပါတည်းလွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။ KKO

## ယခုသီတင်းပတ်ကုန်တွင် နေ၏ဆန့်ကျင်ဘက်နေရာသို့ရောက်ရှိမည့် စနေဂြိုဟ်ကို ကမ္ဘာမြေပေါ်မှတစ်ဆင့် လေ့လာနိုင်မည်ဖြစ်

**ဝါရှင်တန် ဩဂုတ် ၂၆**

စနေဂြိုဟ်သည် ယခုသီတင်းပတ်ကုန်တွင် နေ၏ဆန့်ကျင်ဘက်နေရာသို့ တိုက်ရိုက်ရောက်ရှိနေမည်ဖြစ်ရာ ၎င်းဂြိုဟ်ကို ကမ္ဘာမြေပေါ်မှတစ်ဆင့် လေ့လာနိုင်မည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ယနေ့ နှင့် ဩဂုတ် ၂၇ ရက်တို့တွင် စနေဂြိုဟ်သည် ကမ္ဘာမြေကို အလယ်တွင်ကြားခံထား၍ နေနှင့် ဆန့်ကျင်ဘက်အရပ်သို့ရောက်ရှိနေမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါ အချိန်မှာပင် စနေဂြိုဟ်သည် ကမ္ဘာမြေနှင့်အနီးဆုံးမှတ်သို့ ရောက်ရှိနေလိမ့်မည်ဖြစ်ရာ စနေဂြိုဟ်ကို အရွယ်အစားအကြီးမားဆုံးနှင့် အလင်းအားအကောင်းဆုံးဂြိုဟ်အဖြစ် တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

နေနှင့် ဆန့်ကျင်ဘက်နေရာသို့ရောက်နေချိန်တွင် စနေဂြိုဟ်၏ အလင်းအားမှာ မဂ္ဂနီကျု သုည ဒသမ ၄ ထိ ရှိလာမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်၏ အလင်းအားအကောင်းဆုံးဂြိုဟ် ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

နေနှင့်ဆန့်ကျင်ဘက်သို့ စနေဂြိုဟ်ရောက်နေချိန်တွင် ၎င်းဂြိုဟ်၏ ခါးပတ်ကွင်းများကို ရေဒီယိုတယ်လီစကုပ်များဖြင့် တွေ့မြင်နိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် စနေဂြိုဟ်၏ ခါးပတ်ကွင်းများ ကမ္ဘာမြေဘက်သို့ စတင်တိမ်းစောင်းနေပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

# HEALTH

## သက်လတ်ပိုင်း၊ သက်ကြီးပိုင်းများ ညပိုင်း အလုပ်ဆင်းရမှုကြောင့် မှတ်ဉာဏ်ပျက်စီးနိုင်မှုမြင့်မား

**အော့တဝါ ဩဂုတ် ၂၆**

သက်လတ်ပိုင်းအရွယ်နှင့်သက်ကြီးပိုင်းများအနေဖြင့် ညပိုင်းအလုပ်ဆင်းရမှုကြောင့် မှတ်ဉာဏ်ထိခိုက်ပျက်စီးနိုင်မှုနှုန်း ၇၈ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ကနေဒါနိုင်ငံ ယော့ခ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၄၇၈၀၀ ကျော်တို့၏ အလုပ်ချိန်နှင့် မှတ်ဉာဏ်စမ်းသပ်မှုရလဒ်များကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ညပိုင်းအလုပ်ဆင်းရသူများ၏ မှတ်ဉာဏ်ထိခိုက်မှုနှုန်းသည် နေ့ပိုင်းအလုပ်ဆင်းသူများထက် ၇၈ ရာခိုင်နှုန်း ပိုများကြောင်း သိရသည်။

ညပိုင်းအလုပ်ဆင်းရသူများတွင် ကိုယ်ခန္ဓာ၏ ဇီဝနာရီစနစ် ဟန်ချက်ပျက်မှုကြောင့် မှတ်ဉာဏ်ပြဿနာများပေါ်လာခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ကိုယ်ခန္ဓာ၏ ဇီဝနာရီစနစ် ပျက်ယွင်းမှုသည် ညပိုင်းအလုပ်ဆင်းရသူများ၌ မှတ်ဉာဏ်ထိခိုက်မှုနှုန်းမြင့်မားရခြင်းနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ရှေးယခင် ပြုလုပ်ခဲ့ဖူးသော လေ့လာချက်တစ်ရပ်၏ အဆိုအရ ညပိုင်းအလုပ်ဆင်းရသူသည် နှလုံးကျန်းမာရေးအပေါ်တွင်လည်း ဆိုးကျိုးသက်ရောက်မှုရှိကြောင်း သိရသည်။ KKO

## ဆီးအတွင်းမော်လီကျူးများက ဆီးချိုရှိသူများ ကျောက်ကပ်ပျက်စီးနိုင်ခြေ ရှိမရှိ ဖော်ထုတ်ပေးနိုင်

**နယူးယောက် ဩဂုတ် ၂၆**

ကျောက်ကပ်၏ဇီဝတွင်း ဓာတုပြောင်းလဲမှုမှ သဘာဝအလျောက်ထွက်ပေါ်လာတတ်သည့် ဆီးအတွင်းရှိ မော်လီကျူးများသည် ဆီးချိုရောဂါလူနာများ၌ ကျောက်ကပ်ပျက်စီးနိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ဖော်ထုတ် ပေးနိုင်ဖွယ်ရှိကြောင်း ယူပီအိုင်သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏လေ့လာချက်အရ ဆီးအတွင်း တွေ့ရှိရတတ်သော Adenine ခေါ် မော်လီကျူးတစ်မျိုးပါဝင်မှုအဆင့်ကို တိုင်းတာခြင်းဖြင့် ဆီးချိုရောဂါလူနာများ ကျောက်ကပ်ပျက်စီးနိုင်ခြေ ရှိ၊ မရှိကို ငါးနှစ်မှ ၁၀ နှစ်ထိ ကြိုတင်ဖော်ထုတ်နိုင်ကြောင်း သိရသည်။

Adenine မော်လီကျူးများသည် ကျောက်ကပ်မှသဘာဝအလျောက် ပေါ်ထွက်လာတတ်သည့် မော်လီကျူးများဖြစ်ကြကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဆီးအတွင်း Adenine မော်လီကျူးပါဝင်မှုမြင့်မားခြင်းသည် ဆီးချိုလူနာများ ကျောက်ကပ်ပျက်စီးနိုင်ခြေမြင့်မားမှုနှင့်ဆက်စပ်နေကြောင်း သိရသည်။

ဆီးချိုလူနာ ၁၀ ဦးလျှင် ကိုးဦးမှာရောဂါရင့်လာချိန်တွင် ကျောက်ကပ်ပျက်စီးမှုပြဿနာနှင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ဆီးချိုလူနာ ၁၂၀၀ တို့၏ ဆီးအတွင်း Adenine မော်လီကျူးပါဝင်မှုနှုန်းကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO







# ဝက်စ်ဟမ်းအသင်းက ကူဒက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၈ သန်းဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၆**

ဝက်စ်ဟမ်း အသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် အေဂျက်အသင်း ကွင်းလယ်ကစားသမားကူဒက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၈ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယူရိုပါလိဂ် ခြေစစ်ပွဲတွင် အေဂျက်အသင်းက လူဒိုဂိုရက်စ် အသင်းကို လေးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမားကူဒက်စ်က အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အဆိုပွဲစဉ်ကိုကြည့်ရှုနေသည့် ဝက်စ်ဟမ်းအသင်းနည်းစနစ်ဒါရိုက်တာ စတိုင်ဒန်က ၎င်းကို ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ကနဦးပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ ဒသမ ၅ သန်းနှင့် အပိုဆုကြေး ၂ ဒသမ ၅ သန်း အပါအဝင် စုစုပေါင်းစတာလင်ပေါင် ၃၈ သန်းဖြင့်သဘောတူညီမှုရရှိခဲ့ပြီး လက်ရှိတွင် ကစားသမားအနေဖြင့် ဆေးစစ်မှုခံယူရန် လန်ဒန်မြို့သို့ ရောက်ရှိနေကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ ကွင်းလယ်ကစားသမားကို ယခုအပြောင်းအရွှေ့ကာလအတွင်း ပရီးမီးယားလိဂ်ကလပ် အသင်းများဖြစ်သည့် ဝက်စ်ဟမ်းအသင်း အပါအဝင် ဘရိုက်တန်အသင်း၊ အာဆင်နယ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့ကြသော်လည်း ဝက်စ်ဟမ်းအသင်းက ခေါ်ယူနိုင်ခဲ့ပြီး မကြာမီရက်ပိုင်းအတွင်းအပြီးသတ်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ ML



# ဥရောပတစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမားသုံးဦးစာရင်း ထုတ်ပြန်




**ဇူးရစ် ဩဂုတ် ၂၆**

ဥရောပဘောလုံးအဖွဲ့ချုပ်က ချီးမြှင့်ပေးအပ်မည့် ဥရောပတစ်နှစ်တာ အကောင်းဆုံးဆုများပေးအပ်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်မည့်ဆုများမှ တစ်ဆုဖြစ်သည့် ဥရောပတစ်နှစ်တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမားသုံးဦးစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် အင်္ဂလန်အမျိုးသမီး အသင်းမှ တစ်ဦးမျှပါဝင်လာခြင်း မရှိခဲ့ဘဲ စပိန်အမျိုးသမီးအသင်းမှ နှစ်ဦးထိ ပါဝင်ခဲ့ကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါဆုအတွက် နောက်ဆုံးဆန်ခါတင်ကစားသမားစာရင်းတွင် ပြီးခဲ့သည့်နှစ်က ဆွတ်ခူးထားနိုင်ခဲ့သည့် စပိန်အမျိုးသမီးအသင်းနှင့် ဘာစီလိုနာ အမျိုးသမီးအသင်းမှ ကြယ်ပွင့်ကစားသမား ပူတဲလက်စ် ပါဝင်လာခြင်းမရှိခဲ့ဘဲ လွဲချော်ခဲ့သည်။

ဥရောပတစ်နှစ်တာ အကောင်းဆုံး အမျိုးသမီးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမား သုံးဦး စာရင်းတွင် စပိန်အမျိုးသမီး အသင်းနှင့် ဘာစီလိုနာအမျိုးသမီး အသင်းမှ ကွင်းလယ်ကစားသမား ဘွန်မာတီ၊ စပိန်အမျိုးသမီးအသင်းနှင့် ရီးရဲလ်မက်ဒရစ် အမျိုးသမီးအသင်း တိုက်စစ်မှူး ကာမိုနာနှင့် ဩစတြေးလျ အမျိုးသမီးအသင်းနှင့် ချဲလ်ဆီးအမျိုးသမီးအသင်း တိုက်စစ်မှူးခါရ်တို့ ပါဝင်လာခဲ့ကြသည်။

ယခုနှစ်အတွင်းကျင်းပခဲ့သည့် အဓိကပြိုင်ပွဲကြီး နှစ်ခုဖြစ်သည့် ၂၀၂၃ အမျိုးသမီးယူရိုပြိုင်ပွဲတွင် ချန်ပီယံဆွတ်ခူးနိုင်ခဲ့သည့် အင်္ဂလန်အမျိုးသမီးအသင်းမှ ကစားသမားတစ်ဦးမျှ ပါဝင်လာခြင်းမရှိခဲ့ဘဲ ယခုလအတွင်း ကျင်းပခဲ့သည့် ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် စပိန်အမျိုးသမီးအသင်းက ကစားသမားနှစ်ဦးထိ ပါဝင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ကွင်းလယ်ကစားသမား ကော်တင်ဟို ကာတာကလပ် အယ်ဒူဟိုင်းအသင်းသို့ ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၂၆**

အေဗီလာအသင်း ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် ကာတာကလပ် အယ်ဒူဟိုင်းအသင်းသို့ ပြောင်းရွှေ့ရန် အယ်ဒူဟိုင်းအသင်းနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့ကြောင်း The Sun သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်ရှိ ကွင်းလယ်ကစားသမား ကော်တင်ဟိုသည် နည်းပြအမ်မရီ လက်ထက်တွင် ဒဏ်ရာပြဿနာများကြောင့် ခြေစွမ်းပြသရန်ရုန်းကန်ခဲ့ရပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၂ ပွဲတွင် သွင်းဂိုးတစ်ဂိုးသာသွင်းယူနိုင်ခဲ့ကာ ပုံစံကောင်းပျောက်ဆုံးခဲ့သောကြောင့် ၎င်းကပုံမှန်ပွဲကစားခွင့်ရရှိနိုင်မည့်ကာတာကလပ် အယ်ဒူဟိုင်းအသင်းသို့ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး အယ်ဒူဟိုင်းအသင်းနှင့် သဘောတူညီမှုရယူနိုင်ခဲ့သည်။

လက်ရှိတွင် ကော်တင်ဟိုသည် အေဗီလာအသင်းတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၁၂၅၀၀၀ ထိရရှိနေပြီး အသင်းနှင့် စာချုပ်သက်တမ်း သုံးနှစ်ကျန်ရှိနေသောကြောင့် အပြောင်းအရွှေ့နှင့်ပတ်သက်၍ အေဗီလာအသင်းနှင့် ထပ်မံဆွေးနွေးမှု ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

အေဗီလာ အသင်းသည် ကော်တင်ဟိုကို ပြီးခဲ့သည့်ဘောလုံးရာသီက ယူရိုသန်း ၂၀ ဖြင့် ဘာစီလိုနာအသင်းမှ ခေါ်ယူခဲ့ရသဖြင့် လက်ရှိတွင် ကာတာကလပ် အယ်ဒူဟိုင်းအသင်းသို့ ယူရိုသန်း ၂၀ ဖြင့် သာရောင်းချရန် ဆုံးဖြတ်ထားပြီး အသင်းအနေဖြင့် ကွင်းလယ်ကစားသမားသစ်တစ်ဦး ထပ်မံရှာဖွေပြီးမှသာ ကော်တင်ဟိုကိုလက်လွှတ်သွားရန် ဆုံးဖြတ်ထားသည့်အတွက် ကော်တင်ဟို၏အပြောင်းအရွှေ့မှာ နွေရာသီအပြောင်းအရွှေ့ပိတ်သိမ်းချိန်မှသာ အပြီးသတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်ကလပ်အသင်းများအနေဖြင့် လက်ရှိအပြောင်းအရွှေ့ကာလမပိတ်သိမ်းမီထိ ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၁ ဒသမ ၉၅ ဘီလီယံထိသုံးစွဲခဲ့သောကြောင့် ၂၀၂၂ နွေရာသီအပြောင်းအရွှေ့ကာလက သုံးစွဲခဲ့သည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁ ဒသမ ၉၂ ဘီလီယံကို ကျော်လွန်ခဲ့ပြီး ပြောင်းရွှေ့ကြေးအများဆုံးအသုံးပြုခဲ့သည့် ဘောလုံးရာသီအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- မာဆေးအသင်းတိုက်စစ်မှူး ဆန်းချက်ဇ် အင်တာမီလန်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း အင်တာမီလန်အသင်းက ထုတ်ပြန်ခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဆဲလ်တာဗီဂိုအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်က အနိုင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် လာလီဂါပွဲစဉ်သုံးပွဲတွင် လေးဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ ML

# ငါးနှစ်ဆက်တိုက် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် အမေရိကန်အမျိုးသမီးအသင်း ကမ္ဘာ့အဆင့်(၃)နေရာသို့ ကျဆင်း

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်အမျိုးသမီးအသင်းသည် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကမ္ဘာ့အဆင့်(၃)နေရာသို့ကျဆင်းခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်အမျိုးသမီးအသင်းသည် ၂၀၁၅ ကမ္ဘာ့ဖလားနှင့် ၂၀၁၉ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ဆုဖလားရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်မှစတင်ကာ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ထိပ်ဆုံးမှ ဦးဆောင်နေသော်လည်း ၂၀၂၃ ကမ္ဘာ့ဖလားပြိုင်ပွဲ(၁၆)သင်း ရှုံးထွက်အဆင့်တွင် ဆွီဒင်အမျိုးသမီးအသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ကာ ပြိုင်ပွဲမှစောစီးစွာ ထွက်ခွာခဲ့ရပြီးနောက် ကမ္ဘာ့အဆင့်(၃)နေရာသို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလား ပြိုင်ပွဲအပြီး ဖီဖာက ထုတ်ပြန်ခဲ့သည့် အဆင့်သတ်မှတ်ချက်တွင် ဆွီဒင်အမျိုးသမီးအသင်းက အဆင့်(၁)၊ စပိန်အမျိုးသမီးအသင်းက အဆင့်(၂)၊ အမေရိကန်အမျိုးသမီးအသင်းက အဆင့်(၃)၊ အင်္ဂလန်အမျိုးသမီးအသင်းက အဆင့်(၄)၊ ပြင်သစ်အမျိုးသမီး အသင်းက အဆင့်(၅)၊ ဂျာမနီအမျိုးသမီးအသင်းက အဆင့်(၆)နေရာတို့တွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ML

## ပရီးမီးယားလိဂ် ပွဲစဉ် (၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘုန်းမောက် | ၀ | - | ၂ | စပါး |
| အာဆင်နယ် | ၂ | - | ၂ | ဖူလ်ဟမ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၁ | ပဲလေ့စ် |
| အဲဗာတန် | ၀ | - | ၁ | ဝုဗ် |
| မန်ယူ | ၃ | - | ၂ | နော်တင်ဟမ် (ဝဝ၀) |

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။



မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စလင်းအားကစားကွင်းတွင်ကျင်းပခဲ့သည့် ရန်ကုန်ယူနိုက်တက် အသင်းနှင့် Sports&Education အသင်းတို့ ပွဲစဉ်တွင် ခြေစွမ်းပိုင်းကွာခြားမှု မရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် ယွန်းဝတီလှိုင်၊ ပွဲချိန် ၇၁ မိနစ်တွင် ပန်းအိန္ဒြယ်နှင့် ပွဲချိန် ၈၄ မိနစ်တွင် ဇင်မိုးပြည့်တို့က သွင်းယူနိုင်ခဲ့သည်။

Sports & Education အသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် စန္ဒာကသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက် အသင်း တိုက်စစ်မှူး ယွန်းဝတီလှိုင်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ကစားခဲ့သည့် သစ္စာအားမာန်အသင်းနှင့် Young Lionesses အသင်းတို့ ပွဲစဉ်တွင် သစ္စာအားမာန်အသင်းက ပွဲချိန်တစ်လျှောက်လုံး ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၉ မိနစ်နှင့် ၇၄ မိနစ်တို့တွင် မြတ်နိုးခင်၊ ပွဲချိန် ၄၆ မိနစ်၊ မိနစ် ၆၀ နှင့် ၉၂ မိနစ်တို့တွင် ဝင်းဝင်း၊ ပွဲချိန် ၆၂ မိနစ်တွင် ဝေဖူးအိန်နှင့် ပွဲချိန် ၇၆ မိနစ်တွင် ခင်မိုမိုထွန်းတို့က သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများ အသီးသီးသွင်းယူနိုင်ခဲ့ကာ ခုနစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ တိုက်စစ်မှူး ဝင်းဝင်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# ဟယ်လင်နီယက်စ်သည် အန်တိုနီဂျိုရှာနှင့်မထိုးသတ်မီ ဆေးစစ်မှုခံယူခဲ့ရာတွင် ဆေးကျခဲ့ကြောင်း Matchroom Boxing ထုတ်ပြန်

**လန်ဒန် ဩဂုတ် ၂၆**

ဟဲဗီးဝိတ်တန်း စိန်ခေါ်ပွဲစဉ်တစ်ပွဲအဖြစ် WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို နှစ်ကြိမ်တိုင်တိုင်ဆွတ်ခူးခဲ့ဖူးသည့် ဗြိတိန်လက်ဝှေ့သမားအန်တိုနီဂျိုရှာနှင့် ဖင်လန်လက်ဝှေ့သမား ဟယ်လင်နီယက်စ်တို့ ဩဂုတ် ၁၂ ရက်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ထိုးသတ်ခဲ့ရာ အန်တိုနီဂျိုရှာက ခုနစ်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

အဆိုပါပွဲစဉ်သည် အန်တိုနီဂျိုရှာက ဗြိတိန်လက်ဝှေ့သမားတစ်ဦးပင်ဖြစ်သည့် ဒီလီယန်ဝိုက်နှင့် ထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း ဒီလီယန်ဝိုက်သည် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည့်အတွက် ဟယ်လင်နီယက်စ်နှင့် အစားထိုးခဲ့သည်။

Promoter ကုမ္ပဏီဖြစ်သည့် Matchroom Boxing ကုမ္ပဏီက ဟယ်လင်နီယက်စ်သည်လည်း အန်တိုနီဂျိုရှာနှင့် ထိုးသတ်ခဲ့သည့် ပွဲစဉ်အတွက် ဆေးစစ်မှုခံယူခဲ့ရာတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ကို Voluntary Anti-Doping Association (Vada) က အကြောင်းကြားလာကြောင်း ထုတ်ပြန်ခဲ့သည်ဟု Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Matchroom Boxing ကုမ္ပဏီက "ဒီနေ့မှာ Voluntary Anti-Doping Association (Vada) အဖွဲ့အစည်းက အန်တိုနီဂျိုရှာနဲ့ မထိုးသတ်မီဆေးစစ်ခဲ့တဲ့ ဟယ်လင်နီယက်စ်ရဲ့ ဆေးစစ်ချက်ရလဒ် ထွက်ပေါ်လာတဲ့အကြောင်း အသိပေး အကြောင်းကြားလာပါတယ်။ ဆေးစစ်ချက်ရလဒ်အရ ဟယ်လင်နီယက်စ်ဟာ တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း သိရပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

# Tour Championship ပြိုင်ပွဲ အမှတ်ပေးဇယားကို မိုရီကာဝါနှင့် ဟိုဗ်လန်းတို့ ဦးဆောင်

**အတ္တလန်တာ ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပနေသည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား မိုရီကာဝါနှင့် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီလျော့ရိုက်ကာအမှတ်ပေးဇယားကိုပူးတွဲဦးဆောင်နေကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



မိုရီကာဝါနှင့်ဟိုဗ်လန်းတို့သည် ပထမနေ့အပြီးတွင်လည်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်နိုင်ခဲ့ပြီး အမှတ်ပေးဇယားထိပ်တွင်ပူးတွဲရပ်တည်နိုင်ခဲ့သလို ဒုတိယနေ့တွင်လည်း တူညီသောရိုက်ချက်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ဆက်လက်ရပ်တည်နိုင်ခဲ့ကြသည်။

ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမားစကော့တီရှက်ဖလာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျော့ရိုက်ကာအမှတ်ပေးဇယား၏ဒုတိယနေရာတွင်ရပ်တည်လျက်ရှိနေသည်။

နာမည်ကြီးပြိုင်ပွဲဝင်များမှာ ပုံစံကောင်းများရရှိနေသောကြောင့် ချန်ပီယံဆု အဆုံးအဖြတ်အတွက် နောက်ဆုံးနေ့ထိ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဖွယ်ရှိနေသည်။

ဟိုဗ်လန်းသည် ပြီးခဲ့သည့်ရက်ပိုင်းကကျင်းပခဲ့သော BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း မှတ်တမ်းကောင်းများဖြင့် ချန်ပီယံဆုကိုဆွတ်ခူးထားပြီး ပြိုင်ပွဲနှစ်ရပ်ဆက်တိုက်တွင် ချန်ပီယံဆုကိုဆွတ်ခူးသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားသည်။

ဟိုဗ်လန်းက "ပထမနေ့နဲ့ ဒုတိယနေ့ နှစ်ရက်စလုံးအကောင်းဆုံးကစားထားနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ပြိုင်ပွဲစတင်တဲ့ အဖွင့်နေ့မှာကတည်းက ရလဒ်ကောင်းရယူနိုင်ခဲ့လို့ ယုံကြည်မှုမြင့်တက်ခဲ့တယ်။ ဒုတိယနေ့မှာ ရလဒ်ပိုင်း အနည်းငယ်ကျဆင်းခဲ့ရတယ်ဆိုပေမဲ့လဲ ကစားပုံကိုအားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Winston-Salem Open ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် လီဟက်ကာနှင့် ဘိုင်ယက်ဇ်တို့ယှဉ်ပြိုင်မည်

**မြောက်ကာရိုလိုင်းနား ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် Winston-Salem Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ချက်တင်းနစ်ကစားသမား လီဟက်ကာနှင့် အာဂျင်တီးနားတင်းနစ်ကစားသမားဘိုင်ယက်ဇ်တို့ ဗိုလ်လုပွဲစဉ်တွင် ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ခရိုအေးရှားတင်းနစ်ကစားသမား ဘိုနာကိုရစ်ကို (၆-၃၊ ၆-၇၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး လီဟက်ကာက အမေရိကန်တင်းနစ်ကစားသမား ဆီဘက်စတီယန်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ဆီဘက်စတီယန်ကဒဏ်ရာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် ဗိုလ်လုပွဲစဉ်သို့ အလိုအလျောက်တက်ရောက်လာနိုင်ခဲ့သည်။

ဘိုင်ယက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အကြိတ်အနယ်ကစားထားရသည့်အတွက် ပွဲပန်းဒဏ်ခံရပြီး လီဟက်ကာက ဆီမီးဖိုင်နယ်အဆင့် ကစားထားရခြင်းမရှိသည့်အတွက် ဘိုင်ယက်ဇ်ထက် နားချိန်ပိုရခဲ့သည်။

တောင်အမေရိက တင်းနစ်ကစားသမားနှစ်ဦး ထိပ်တိုက်တွေ့ဆုံမည့်ဗိုလ်လုပွဲစဉ်ဖြစ်ပြီး Winston-Salem Open တင်းနစ်ပြိုင်ပွဲသက်တမ်းတစ်လျှောက် တောင်အမေရိက ကစားသမားနှစ်ဦး ပထမဦးဆုံးအကြိမ် တွေ့ဆုံသည့် ဗိုလ်လုပွဲစဉ်လည်းဖြစ်သည်။

ဘိုင်ယက်ဇ်က "ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်ဟာ ကျွန်တော့်အတွက် တကယ်ကိုခက်ခဲခဲ့တဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ပွဲကစားနေစဉ်အတွင်းဒဏ်ရာပြဿနာနဲ့ရင်ဆိုင်ခဲ့ရတဲ့အတွက်လဲ စိတ်ဓာတ်ကျမိတယ်။ ဒါပေမဲ့လဲ ဆီမီးဖိုင်နယ်အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# စပိန်နိုင်ငံအားကစားကောင်စီက စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်ကို တာဝန်မှရပ်ဆိုင်းကြောင်း ကြေညာ

**မက်ဒရစ် ဩဂုတ် ၂၆**

စပိန်နိုင်ငံအားကစားကောင်စီက စပိန်အမျိုးသမီးအသင်း အားကစားသမားအပေါ် မဖွယ်မရာပြုလုပ်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည့် စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်ကို တာဝန်မှရပ်ဆိုင်းကြောင်းထုတ်ပြန်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စပိန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရူဘီယာလက်စ်သည် ပြီးခဲ့သည့် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားချန်ပီယံဆု ရရှိခဲ့ပြီးနောက် ဆုပေးပွဲ အခမ်းအနားတွင် ဆုပေးအပ်သည့် စင်ပေါ်၌ပင် စပိန်အမျိုးသမီးအသင်းမှ ကွင်းလယ်ကစားသမား ဟာမိုဆိုကို နမ်းရှုပ်ခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

ထို့ပြင် စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်နှင့် စပိန်အမျိုးသမီးအသင်း ကစားသမားများအနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီကတည်းက ဆက်ဆံရေးမပြေလည်မှုများရှိနေခဲ့ပြီး ဆုပေးပွဲအခမ်းအနားတွင် ဟာမိုဆိုကို နမ်းရှုပ်ခဲ့ပြီးနောက် ပိုမိုဝေဖန်မှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်အပြီးတွင် ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင် ပါဝင်ခဲ့သည့် စပိန်အမျိုးသမီးအသင်းမှ ကစားသမား ၂၃ ဦး၊ ကစားသမားဟောင်းများ အပါအဝင် ၅၃ ဦးက စပိန်နိုင်ငံအားကစားကောင်စီထံ စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ရူဘီယာလက်စ်ကို ရာထူးမှဖယ်ရှားပေးရန်အတွက် ဝိုင်းဝန်းတောင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်များအပြီး စပိန်နိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ရူဘီယာလက်စ်က ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်မည်မဟုတ်ဟု ပြောကြားခဲ့သော်လည်း စပိန်နိုင်ငံအားကစားကောင်စီက စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းကိုတာဝန်မှရပ်ဆိုင်းရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂) ရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုချန် | ၁ | - | ၁ | ဒေါ့မွန် |
| ဒမ်စတပ် | ၁ | - | ၄ | ယူနီယံဘာလင် |
| ဟိုဒင်ဟိမ်း | ၂ | - | ၃ | ဟော်ဖန်ဟိမ်း |
| ကိုလုံး | ၁ | - | ၂ | ဝုဖ်ဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၀ | ဝါဒါဘရီမင် |

(ဝ၄ဝ)

# ကိုလံဘို-အာဆီယံရုပ်ရှင်ပြပွဲတွင် မြန်မာနိုင်ငံမှ စောင်နီလေးတစ်ထည် ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်ရှင်ဇာတ်လမ်းတို သုံးကား ပါဝင်ပြသသွားမည်ဖြစ်




**ရန်ကုန် ဩဂုတ် ၂၆**

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင်ကျင်းပမည့် ကိုလံဘို-အာဆီယံ ရုပ်ရှင်ပြပွဲတွင် မြန်မာနိုင်ငံမှ စောင်နီလေးတစ်ထည် ရုပ်ရှင်ဇာတ်ကားနှင့် ရုပ်ရှင်ဇာတ်လမ်းတို သုံးကား ပါဝင်ပြသသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီပြန်ကြားရေးမှူး ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် စက်တင်ဘာလ ဒုတိယပတ်အတွင်းကျင်းပမည့် ကိုလံဘို-အာဆီယံ ရုပ်ရှင်ပြပွဲတွင် အင်္ဂလိပ်စာတန်းထိုး ရုပ်ရှင်ဇာတ်ကားတစ်ကားနှင့် ဇာတ်လမ်းတို သုံးကား ပါဝင်ပြသရန် ဖိတ်ခေါ်ထားရာ ဒါရိုက်တာ တင်အောင်စိုး(ပန်းမြို့တော်) ရိုက်ကူးခဲ့သည့် စောင်နီလေးတစ်ထည် ရုပ်ရှင်ဇာတ်ကားနှင့် ဆံရစ်ဝိုင်းအလှ၊ မနက်ဖြန်နှင့် ကျွန်တော်လူထွက်လိုက်ပြီ ရုပ်ရှင်ဇာတ်လမ်းတိုတို့ ပါဝင်ပြသခွင့်ရရှိခဲ့ကြောင်း သိရသည်။

"ပွဲတွေက မကျင်းပရသေးဘူး ခေါ်နေတာပဲရှိသေးတာ။ မပြရသေးဘူး။ ပွဲမှာ မပြခင် စီစဉ်စရာရှိတာတွေကို စီစဉ်ပေးရတယ်။ အခုဆိုရင် ကားထုတ်တွေကို အွန်လိုင်းကနေ ပို့လိုက်ပြီ။ ပြပွဲရက်ကျရင်တော့ သူတို့က ပြပေးမှာပါ"ဟု ဦးချမ်းသာကြည်စိုးက ပြောပြသည်။

အဆိုပါ ကိုလံဘို-အာဆီယံ ရုပ်ရှင်ပြပွဲကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် စက်တင်ဘာလ ဒုတိယပတ်အတွင်း သုံးရက်ကြာ ကျင်းပမည်ဖြစ်ရာ အဆိုပါပြပွဲတွင်ပြသရန် ရုပ်ရှင်ဇာတ်ကားများကို ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းရုပ်ရှင်ပြပွဲတွင် မြန်မာအပါအဝင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှလည်း ပါဝင်ပြသသွားမည်ဖြစ်ပြီး အာဆီယံနိုင်ငံများကြား ယဉ်ကျေးမှုဖလှယ်ရေးကို အဓိကထား၍ ပါဝင်ပြသခြင်းဖြစ်ကြောင်း သိရသည်။ ASH

# The Wonderful Story of Henry Sugar စက်တင်ဘာလတွင်ပြသမည်


**နယူးယောက် ဩဂုတ် ၂၆**

ကမ္ဘာကျော်ဒါရိုက်တာ ဝပ်အန်ဒါဆင် ရိုက်ကူးထားသော The Wonderful Story of Henry Sugar ရုပ်ရှင်ဇာတ်ကားတိုကို Netflix ကုမ္ပဏီက စက်တင်ဘာ ၂၇ ရက်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။


The Wonderful Story of Henry Sugar ဇာတ်ကားသည် ခိုးယူထားသည့် စာအုပ်တစ်အုပ်၏ အကူအညီဖြင့် တန်ခိုးစွမ်းအားများရထားသူတစ်ဦး၏အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသားရက်ဖိန်းနက်၊ ဘင်နီဒစ်ကမ်၊ ဘားဘတ်၊ ဒေ့ပါတယ် ပါဝင်ထားသည်။

Netflix ကုမ္ပဏီသည် အဆိုပါ ရုပ်ရှင်ဇာတ်ကားတိုကို ရုံတင်ပြသမည်မဟုတ်သော်လည်း ယခုနှစ် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသရန် ရည်ရွယ်ထားကြောင်း၊ ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို အီတလီနိုင်ငံ ဗင်းနစ်မြို့၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၉ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ KKO




# ပျောက်ဆုံးနေသော ဆင်စွယ် ရုပ်ရှင်ဇာတ်လမ်းကို စက်တင်ဘာ ၂ ရက်တွင် Sky Net နှင့် SKY PREMIER HD မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဩဂုတ် ၂၆**

ပျောက်ဆုံးနေသော ဆင်စွယ် ရုပ်ရှင်ဇာတ်လမ်းကို စက်တင်ဘာ ၂ ရက်တွင် Sky Net နှင့် SKY PREMIER HD မှ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ဟိန်းဇော်က ပြောပြ၍ သိရသည်။

ပျောက်ဆုံးနေသော ဆင်စွယ် ရုပ်ရှင်ဇာတ်လမ်း၏ ဝတ္ထုနှင့် ဇာတ်ညွှန်းကို ဟိန်းဇော်က ရေးသားပေးထားခြင်းဖြစ်ပြီး ၎င်းဇာတ်လမ်းကို ဟိန်းဇော်က ဒါရိုက်တာအဖြစ် ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"နှစ်ပေါင်း ၇၀ ကျော်က တိုက်ဆင်တစ်ကောင်ရဲ့ ဆင်စွယ်ကိုရှာဖွေကြမဲ့ လူတစ်စုအကြောင်းကို အခြေခံရိုက်ကူးထားတာပါ။ စွန့်စားခန်းတွေ နှစ်သက်ကြတဲ့ ပရိသတ်တွေ အကြိုက်တွေ့စေမဲ့ ဇာတ်လမ်းလေးပါပဲ"ဟု ဒါရိုက်တာ ဟိန်းဇော်က ပြောပြသည်။

ပျောက်ဆုံးနေသော ဆင်စွယ် ရုပ်ရှင်ဇာတ်လမ်းတွင် သရုပ်ဆောင် ထိုက်တန်၊ ကျော်ဇောဟိန်း၊ ဘုန်းလျှံ၊ ဆုမြတ်နိုးဦး၊ သဲနော်ဇာ စသည့်အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကာ အဆိုပါ ဇာတ်လမ်းကို Sky Net နှင့် SKY PREMIER HD မှ စက်တင်ဘာ ၂ ရက် ည ၉ နာရီတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Dune Part-2 ဇာတ်ကားရုံတင်ရက် ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက နောက်ဆုတ်ထား

**နယူးယောက် ဩဂုတ် ၂၆**

Dune Part-2 သိပ္ပံအက်ရှင်ဇာတ်ကား ရုံတင်မည့်ရက်ကို ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ၂၀၂၄ ခုနှစ်ထိ နောက်ဆုတ်ထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ကြေညာချက်အရ Dune Part-2 ကို ၂၀၂၄ ခုနှစ် မတ် ၁၅ ရက်မှသာ ရုံတင်ပြသမည်ဖြစ်သည်။


ဝါနာဘရားသားကုမ္ပဏီသည် မူလက Dune Part-2 ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင်ရုံတင်ရန် စီစဉ်ထားသော်လည်း လက်ရှိဖြစ်ပွားဆဲ သရုပ်ဆောင်များနှင့် ဇာတ်ညွှန်းရေးဆရာများ သပိတ်ကြောင့် ရုံတင်ချိန်ကို ၂၀၂၄ ခုနှစ်ထိ နောက်ဆုတ်ပေးခဲ့ရခြင်းဖြစ်သည်။

Dune Part-2 သည် အမေရိကန်စာရေးဆရာ ဖရန့်ဟားဘတ်၏ Dune ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို မူလ Dune (2021) ကို ရိုက်ကူးပေးခဲ့သည့် ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနော့ကပင် တာဝန်ယူရိုက်ကူးပေးထားသည်။

Dune Part-2 တွင် မင်းသားတင်မိုသီချားမက်၊ မင်းသမီး ဖလောရင့်ပက်နှင့် ရေဘက်ကာဖာဂူဆန်တို့ပါဝင်ထားကြောင်း သိရသည်။

KKO




# သံတွဲမြို့နယ် မန်ကျည်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်ကျည်းချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# China, Thailand and Singapore becomes Myanmar's largest trade partner countries from April to July in 2023-2024 FY



A cargo vessel moored at Yangon international port.

**Nay Pyi Taw August 26**

Myanmar traded with 126 countries from April 1 to July 31 in 2023-2024 FY, with the largest trade amount with China, Thailand and Singapore, according to reports of the Ministry of Commerce released on August 24.

Myanmar has conducted trade activities with 238 foreign client market countries.

Trade activities were carried out through maritime trade routes and border trade routes during these four months and export amount is US$5,180.842 million and import amount is US$5,966.541 million, totaling US$11,147.383 million.

During these four months, the largest trade partner is China, followed by Thailand and Singapore.

Myanmar exported US$1,051.813 million worth of goods to China, US$1,598.537 million worth of goods to Thailand and US$51.328 million worth of goods to Singapore. Myanmar imported US$2,003.069 million worth of goods from China, US$785.080 million worth of goods from Thailand and US$1,301.714 million worth of goods from Singapore. 336

# Most wanted terrorist killed, says Mozambique

**Maputo August 26**

The government of Mozambique says its armed forces have killed the leader of a jihadist group linked to Islamic State which is fighting in the north of the country.

The defence ministry said Bonomade Machude Omar - also known as Ibn Omar - had led the insurgents since the start of the conflict in 2017.

A statement said he was killed along with two other senior members.

There has been no independent confirmation of the deaths.

Two years ago, the US state department designated Omar as a terrorist leader, blaming him for attacks in Cabo Delgado province, including the killing of dozens of people at a hotel in Palma.

A month before that, Mozambique's military launched a major offensive against the Islamists with the support of hundreds of soldiers from Rwanda and several southern African countries.

According to the government, Omar and two associates from the Islamic State-linked group were killed in a forest in Macomia in an operation carried out with the army's foreign allies.

It happened on Tuesday, said Mozambique's President Filipe Nyusi during a news conference on Friday. BBC

# Onion from Shan State fetches K3,700 per viss in Maubin Township

**Maubin August 26**

Onion which comes from Shan State to Maubin Township gets K3,700 per viss in the domestic market, said Daw Khaing Thazin, owner of foodstuff brokerage in Maubin.

Onion from Shan State flows into Maubin Township in the domestic market. In July, Shan onion was traded at K2,500 per viss but K3,700 per viss from 1 August to date.

"Domestic market in Maubin Township is active as usual in trading onion which comes from Shan State. Such kind of stock flows into the township with the regular volume. If Shan onion is exported, its prices are expected to increase more," said Daw Khaing Thazin.



Bags of onions seen in a warehouse.

Some 3,500 viss of Shan onion flow into local foodstuff and onion depots in Maubin Township daily. Due to high prices of onion in the market, local businesspersons, truck drivers and growers earn increased incomes.

Kyaw Kyaw Lin

# Madagascar crush: 12 dead at island games' opening ceremony

**Antananarivo August 26**

At least 12 people have been killed in a crowd crush at a stadium in Madagascar's capital Antananarivo, Prime Minister Christian Ntsay says.

Another 80 people were hurt during the opening ceremony of the Indian Ocean Island Games at the Mahamasina stadium.

"There were a lot of people at the entrance," Red Cross official Antsa Mirado told the AFP news agency.

President Andry Rajoelina, who was at the stadium, said it was a "tragic event", calling for a minute's silence.

The Mahamasina stadium - with a capacity of nearly 41,000 - is reported to have been packed with spectators.

Footage has emerged showing a number of injured people sitting dazed on the ground. Other victims are seen being carried away from the stadium.

Set up in 1977, the Indian Ocean Island Games is a multi-sport event held every four years.

The participants are the island nations and territories of Comoros, Madagascar, Mauritius, Seychelles, the Maldives and Réunion.

In 2018, one person died and nearly 40 others were injured in a crush at the Mahamasina before the start of a Madagascar-Senegal football match. BBC



The Mahamasina stadium - with a capacity of nearly 41,000 - regularly hosts major sporting and other public events.

# Myawady-Kawkareik segment of Asian Highway admits driving of vehicles as from 25 August

**Myawady August 26**

Cargo trucks were allowed to drive on Myawady-Kawkareik section of Asian Highway where series of landslides happened on 6 and 7 August, said Director General U Hla Tun Oo of the Department of Highways under the Ministry of Construction.

Landslides occurred on the segment of Myawady-Kawkareik on Asian Highway between mileposts 149/5 and 151/0 on 7 August due to heavy rains. Now, soil has been removed from the road section and a half of the road section was reopened for driving of small vehicles starting from 15 August. The department then built a bailey bridge on the landslide area to admit cargo trucks for driving from 25 August.

"The road was reopened at about 3 pm yesterday. In the morning, we conducted tests of the bridge for the withstanding with the use of heavy trucks. Now, the bailey bridge allows vehicles but they have to drive on the bridge one after another. The facility cannot admit two-way use of driving. We make preparations to build one more route for small vehicles not to cause traffic congestion among cargo trucks. The road section will be placed with gravels. The bailey can withstand 60 tons of loads for use of cargo trucks. The 70 feet long bailey is in use," said U Hla Tun.

Myawady-Kawkareik section is of importance on Asian Highway for commodity flows between Myanmar and Thailand. It includes in the GMS East-West economic corridor. Myanmar uses the road to export maize, rubber, agricultural produce and marine products to Thailand. Moreover, it is a route for driving of cargo trucks, small trucks and private saloons from Myawady to Yangon and Mandalay on a daily basis.

ASH

# Bago Region government to upgrade Kanbawzathadi Palace as historical park


The magnificent view of the Kanbawzathadi Palace in Bago Region.

**Bago August 26**

Bago Region government issued a press release on 24 August, saying that it will improve Kanbawzathadi Palace as a historical park.

Archaeologists have excavated 16 ancient brick mounds in the place of Kanbawzathadi Palace. Of them, Bamayathana throne building and Myaynan tier-roofed building have been built in original style.

Moreover, the moats from Mottama Gate on the northern part of the old Hanthawady Palace to the northeast corner of the wall have been maintained in original structures to attract local and foreign travellers.

Now, efforts are being made to emerge a historical park from the part of Kanbawzathadi Palace. Such a park will give service to travellers and preserve historical heritages. So, the region government will invite expression of interest from the citizen businesspersons.

Those wishing to join the programme can take EOI forms from the Bago Branch of the Archaeology and National Museum Department in Bago till 3 pm from 24 August to 6 September or download from the hantharwaddy.arch@gmail.com and must submit the EOI to the department not later than 1 pm on 8 September.

The department will inform the applicants about date, time and place for opening the EOI. The interested persons must submit the submission of the applicants, profile, financial assets, current process and experiences related to the project as well as estimated investment amounts. For further information, contact the Bago branch of the department. 336

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# MAI plans to expand Yangon-Seoul direct flight schedule in September

**Yangon August 26**

Myanmar Airways International (MAI) is planning to expand Yangon-Seoul direct flight schedule in September, according to the airline statement on August 23.

The airline currently operates a 3-day weekly flight between Yangon and Seoul on Tuesdays, Fridays and Sundays.

The flight will depart from Yangon at 7:15 am and arrive in Seoul at 3:30 pm local time. It will depart from Seoul at 4:45 pm local time and arrive in Yangon at 8:15 pm.

The airline will extend the Yangon-Seoul direct flight from September 28, 2023 by one more day on Thursday.

The extended flights will also operate according to the previous schedule.

Therefore, starting from September 28, 2023, the airline will fly to Seoul, South Korea every Tuesday, Thursday, Friday and Sunday, four days a week.

The flight ticket for the trip will cost US$274.

The airline will also introduce a new flight to Novosibirsk, Russia starting from September 5, 2023.

The airline will fly Yangon-Mandalay-Novosibirsk flight every Tuesday and Saturday. 336


A plane from MAI up in the sky.

# Border trade camps earn more than US$1 billion worth of trade surplus within four months

**Nay Pyi Taw August 26**

Border trade camps of Myanmar could earned more than US$1 billion worth of trade surplus within four months from April to July in the 2023-24 financial year, according to the Ministry of Commerce.

Currently, border trade camps in Muse, Lweje, Chinshwehaw, Kanpaiti, Kengtung, Tachilek, Myawady, Kawthoung, Myeik, Htikhee, Mawtaung, Meisei, Sittway, Maungtaw, Tamu, Reed and Kenglek are operating border trades on export and import process with relevant neighbouring countries.

Except Meisei, Reed and Kenglek border camps, all remaining camps are in operations in 2023-24 financial year.

Within four months period from April to the end of July in 2023-24 financial year, these border camps handled total trade value worth US$3,490.567 million, comprising export value worth US$2,245.923 million and import, US$1,244.644 million.

During the period, Htikhee border camp could handle export value worth US$1,216 million and import value worth US$157.28 million as the largest trade volume, followed by Muse trade zone and Myawady trade zone. 336


The gate of Myawady border trade zone.

# China Southern Airlines decides to operate Yangon-Guangzhou-Los Angeles from 1 September

**Yangon August 26**

China Southern Airlines will launch its maiden flight for Yangon-Guangzhou-Los Angeles route starting from 1 September, according to the press release issued by the airlines.

The flight is scheduled on Monday, Wednesday, Friday and Saturday on a weekly basis. In so doing, the flight will take off from Yangon of Myanmar to Guangzhou of China and then to LA.

Likewise, the flight will lead to Guangzhou from LA and then to Yangon of Myanmar every Wednesday.

The flight passengers from Yangon to LA will have the chance to take a break in Guangzhou as a transit for five hours but do need to take entry visa to China. As the airlines arranges the checked baggage and boarding pass, they can conveniently make their trip to LA and can go shopping in Guangzhou International Airport.

The airlines set the flight ticket at more than US$1,000 per passenger along the trip. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှား Kamikaze တိုက်ခိုက်ရေးဒရုန်းကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် စမ်းသပ်လျက်ရှိ



ယူကရိန်း အထူးစစ်ဆင်ရေးဇုန်၌ ရေဒါတွင် ပုံရိပ်မြင်နိုင်စွမ်းနည်းပါးမည့် ရုရှား Kamikaze တိုက်ခိုက်ရေးဒရုန်းကို စမ်းသပ်လျက်ရှိကြောင်း Kartsev ကွန်ပျူတာစနစ် သုတေသနအင်စတီကျူ ပြင်ပလေယာဉ်မှူးနှင့် ဒရုန်းစစ်ဆင်ရေးဆိုင်ရာ သုတေသနဓာတ်ခွဲခန်းဌာနမှူး Vitaly Dolgov က ဩဂုတ် ၂၃ ရက်တွင် TASS သတင်းဌာနသို့ ပြောကြားခဲ့သည်။

Kamikaze ကို အထူးစစ်ဆင်ရေးဇုန်သို့ စမ်းသပ်ရန်ပေးပို့ထားပြီး လက်ရှိတွင် Kamikaze ဒရုန်းနှစ်စင်းကို တိုက်ပွဲဝင် အကဲဖြတ်ဆန်းစစ်ချက်များ ပြုလုပ်နိုင်ရန် စမ်းသပ်အသုံးပြုလျက်ရှိသည်။ အဆိုပါ ဒရုန်းသည် တိုက်ပွဲဝင်စွမ်းဆောင်ရည်ကို ပြသနိုင်ခဲ့သည်။ ဒရုန်း၏ကိုယ်ထည်ကို ရေဒါစုပ်ယူနိုင်သည့် ပစ္စည်းများဖြင့် အထူးပြုလုပ်၍ ဖန်တီးထားသည်။ ရန်သူ့အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များမှ ဒရုန်းကိုယ်ထည်များ မမြင်နိုင်ရန် ပြုလုပ်ရာတွင် ပေါင်းစပ်ပစ္စည်းများတွင် ဆေးထပ်သုတ်ထားသည်။ ၎င်းသည် ရေဒါများ၏ လျှပ်စစ်သံလိုက်လှိုင်းထုတ်လွှင့်မှု၏ ၅၀ ရာခိုင်နှုန်းထိ စုပ်ယူနိုင်သည်ဟု သုတေသီက ပြောကြားခဲ့သည်။

Kamikaze တိုက်ခိုက်ရေးဒရုန်းသည် Payload အလေးချိန် လေးကီလိုဂရမ်ထိ တင်ဆောင်နိုင်ကြောင်း သိရသည်။

"Kamikaze တိုက်ခိုက်ရေးဒရုန်းမှာ ရည်ရွယ်ချက်နှစ်ခုရှိပါတယ်။ ဖောက်ခွဲရေး ပစ္စည်းတွေကိုသယ်ဆောင်ပြီး ပစ်ချနိုင်ပါတယ်။ ဒရုန်းဟာ အလေးချိန် လေးကီလိုဂရမ် Payload ကိုသယ်ဆောင်ပြီး ၁၀ ကီလိုမီတာအကွာ အဝေးထိ အလွယ်တကူ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိပါတယ်။ ဒရုန်းကို အဆင့်မြှင့်တင်မှုတွေ ဆက်လက်လုပ်ဆောင်နေပါတယ်။ ခဲယမ်းခြောက်ခုထိ ပစ်ချတိုက်ခိုက်နိုင်အောင် လုပ်နေပါတယ်" ဟု Dolgov က ပြောကြားခဲ့သည်။

Kartsev သုတေသနဌာနသည် အစောပိုင်းတွင် ပစ်မှတ်များကို ရှာဖွေထောက်လှမ်းရန်နှင့်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားပြီး Grom (Thunder) မိုဘိုင်းဖုန်းဖြင့် ထိန်းကျောင်းလုပ်ဆောင်နိုင်သောခေါက်သိမ်းထားနိုင်သည့် Mobile Folding Quadcopter အမျိုးအစား ဒရုန်းကို ထုတ်ဖော်ပြသခဲ့သည်။

**Russian stealth kamikaze drone undergoes tests in Ukraine operation — design firm ကို ဘာသာပြန်ဆိုထားပါသည်။**

## ကရိုင်းမီးယားတွင် ရုရှား၏ S-400 ဒုံးပစ်လောင်ချာယာဉ်တစ်စီးကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ယူကရိန်းထုတ်ပြန်ခဲ့

ကရိုင်းမီးယားကျွန်းဆွယ်တွင် ရုရှား၏ S-400 လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ် ဒုံးပစ်လောင်ချာယာဉ်တစ်စီးကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနသည် ကြီးမားသောပေါက်ကွဲမှုတစ်ခုမှ ကောင်းကင်ယံသို့ တက်နေသော မီးခိုးလုံးကြီးတစ်ခုအား ပြသထားသည့် ဗီဒီယိုဖိုင်ကို ထုတ်ပြန်ခဲ့သည်။

ပေါက်ကွဲမှုသည် တာခန်ကွတ် ကျွန်းဆွယ်ရှိ Olenivkaရွာအနီးတွင် ဖြစ်ပွားခဲ့ပြီး လက်နက်စနစ်ယာဉ်၊ ဒုံးကျည်များနှင့်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ချေမှုန်းခဲ့ခြင်းဖြစ်ကြောင်း၊ ရုရှား၏ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အတွက် ထိုးနှက်မှုတစ်ခုဖြစ်ကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံဘက်မှ ချက်ချင်းမှတ်ချက်ပေးခြင်းမျိုးမရှိသော်လည်း ရုရှားစစ်ဘက်ဘလော့ဂါများက အဆိုပါတိုက်ခိုက်မှုသည် ရုရှားနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်များတွင် ချို့ယွင်းချက်များကိုပြပြင်ရန် မီးမောင်းထိုးပြနေခြင်းဖြစ်သည်ဟု ထောက်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုသည် S-400 စနစ်ကို ဖျက်ဆီးပစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဖန် ယူကရိန်းလှေများသည် ကရိုင်းမီးယားကမ်းရိုးတန်းသို့ အဘယ်ကြောင့် ဤမျှလောက် နီးကပ်လာသနည်းဟူသောမေးခွန်း ပေါ်လာကြောင်း၊ ၎င်းတို့ ယခုကဲ့သို့ တစ်ကြိမ်ထက်ပိုပြီး လုပ်နိုင်ခဲ့သည်ဟု Rybar Telegram ရုပ်သံလိုင်းက ဖော်ပြထားသည်။

ပင်လယ်နက်တွင် ယူကရိန်းစပိဘုတ်နှစ်စင်းကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားစစ်ဘက်က ဩဂုတ် ၂၂ ရက်တွင် ပြောကြားခဲ့သော်လည်း အဆိုပါလုပ်ဆောင်ချက်မှာ မလုံလောက်သေးကြောင်း Rybar Telegram က ဆက်လက်ဖော်ပြထားသည်။

"ယူကရိန်း ရေတပ်စွမ်းအားစုတစ်ခုလုံးကို ဖျက်ဆီးပစ်နိုင်ဖို့ ကျွန်တော်တို့ လိုအပ်ပါတယ်။ ဒါက ရုရှားရေတပ်အဖွဲ့အစည်းအတွက် အပြောင်းအလဲတွေ လိုအပ်ပါတယ်"ဟု Rybar Telegram က ဖော်ပြထားသည်။



တိုက်ခိုက်မှုသည် ရုရှားနိုင်ငံ၏ ဒုံးကျည်များဖြင့် အတိုက်ခိုက်အခံရဆုံး ဒေသများထဲမှတစ်ခုတွင် လေကြောင်းရန်ကာကွယ်ရေးလွှမ်းခြုံမှု အရည်အသွေးနှင့် ပတ်သက်၍ မေးခွန်းများပေါ်ပေါက်စေသည်ဟု အခြားချန်နယ်ဖြစ်သည့် Voenny Osvedomitel က ဖော်ပြထားသည်။

ယခုတိုက်ခိုက်မှုသည် ဒုံးကျည်တစ်စင်းနှင့်ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ချန်နယ်နှစ်ခုစလုံးက ခန့်မှန်းကြသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ယူကရိန်းတို့ဘက်က ရုရှားထိန်းချုပ်နယ်မြေများကို ဒရုန်းများဖြင့် နေ့စဉ်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ စစ်မြေပြင် အရေးမသာမှုများကြောင့် စစ်နည်းဗျူဟာပြောင်းလဲကျင့်သုံးလာခြင်းဟုလည်း ဆိုနိုင်ပြီး ဒရုန်းအသုံးပြုမှုအများဆုံး စစ်ဆင်ရေးအဖြစ် မှတ်တမ်းဝင်သွားနိုင်ဖွယ်ရှိသည်။ ဩဂုတ် ၂၃ ရက် နံနက်အစောပိုင်းတွင် မော်စကိုမြို့ကိုဦးတည်၍ ဒရုန်းများဖြင့် တိုက်ခိုက်ခဲ့ကြသည်။

**Ukraine Claims Destroyed Russian S-400 Anti-Aircraft System in Crimea ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖိလစ်ပိုင်နှင့်ဩစတြေးလျတပ်ဖွဲ့များ တောင်တရုတ်ပင်လယ်အနီး၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်

ဖိလစ်ပိုင်နှင့် ဩစတြေးလျတပ်ဖွဲ့များသည် တောင်တရုတ်ပင်လယ်အနီး၌ ဩဂုတ် ၂၅ ရက်က စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ဖိလစ်ပိုင်သမ္မတ ဖာဒီနန် မားကို့စ်က ၎င်းတို့နှစ်နိုင်ငံ အနီးကပ်ပူးပေါင်းဆောင်ရွက်မှု၏ အလွန်အရေးကြီးသောလုပ်ဆောင်ချက် ပြယုဂ်အဖြစ် ချီးကျူးပြောကြားခဲ့သည်။



တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်ရှိ သန္တာကျောက်တန်းများတွင် ကင်းလှည့်ရန် ကမ်းခြေစောင့်တပ်၊ ရေတပ်နှင့် အခြားသင်္ဘောများ ရာနှင့်ချီဖြန့်ကြက်ချထားပြီး ၎င်း၏ရပ်တည်ချက်မှာ ဥပဒေကြောင်းအရ အခြေအမြစ်မရှိဟု နိုင်ငံတကာခုံရုံးက ဆုံးဖြတ်ထားသော်လည်း အဆိုပါ ကျွန်းအားလုံးနီးပါး တရုတ်နိုင်ငံက ပိုင်ဆိုင်သည်ဟု ပြောကြားထားပြီးဖြစ်သည်။

ဩဂုတ် ၂၅ ရက်က ပြုလုပ်ခဲ့သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ၂၀၁၂ ခုနှစ်က ဖိလစ်ပိုင်ထံမှသိမ်းယူခဲ့သည့် ကြွယ်ဝသော ငါးဖမ်းမြေဖြစ်သည့် Scarborough Shoal သန္တာကျောက်တန်း အရှေ့ဘက် ကီလိုမီတာ ၂၄၀ (မိုင် ၁၅၀) အကွာရှိ ရေတပ်အခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

"ဒေသတွင်း မငြိမ်မသက်ဖြစ်မှုကို သက်သေပြတဲ့အဖြစ်အပျက်တွေ အများကြီးရှိနေတယ်လို့ယူဆရင် ဒီလိုလေ့ကျင့်မှုမျိုး၊ ဒေသတွင်းနိုင်ငံတွေကြား နီးကပ်တဲ့ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုမျိုးဟာ အလွန်အရေးကြီးပါတယ်။ ဒါဟာ ဖြစ်လာနိုင်ခြေရှိတဲ့ ဘယ်အခြေအနေ မျိုးမဆို ပြင်ဆင်ထားမှုရဲ့ အရေးကြီးတဲ့ကဏ္ဍတစ်ခုပါပဲ"ဟု မားကို့စ်က ပြောကြားခဲ့သည်။

ယခုအကြိမ်သည် ဖိလစ်ပိုင်နှင့် ဩစတြေးလျနှစ်နိုင်ငံကြား ပထမဆုံး ကြည်း၊ ရေ၊ လေ ပူးတွဲ စစ်ရေးလေ့ကျင့်မှုကြီးလည်းဖြစ်သည်။

ဩစတြေးလျတပ်ဖွဲ့ဝင် ၁၂၀၀ ခန့်နှင့်ဖိလစ်ပိုင်မရိန်းတပ်ဖွဲ့ဝင် ၅၆၀ ခန့်တို့သည် စစ်ရေးလေ့ကျင့်မှုတွင် ကမ်းခြေတစ်ခုကို ဝင်ရောက်စီးနင်းခဲ့ပြီး ကုန်းရေနှစ်သွယ်ချေမှုန်းရေးယာဉ်များ၊ လေထီးနှင့် အမေရိကန်ထုတ် Osprey လေယာဉ်များဖြင့် ရောက်ရှိလာခဲ့ကြသည်။

ဩစတြေးလျလေတပ်မှ အဆင့်မြင့် F-35 တိုက်လေယာဉ် နှစ်စင်းသည် အနီးကပ် လေကြောင်းအထောက်အပံ့ပေးကာ ဩစတြေးလျစစ်သင်္ဘောများသည် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ပင်လယ်ရေပြင်ပိုင်နက်နယ်မြေကိုလုံခြုံစေရန် စောင့်ကြပ်ပေးခဲ့သည်။ တောင်တရုတ်ပင်လယ်ရှိ Second Thomas Shoal ကျွန်းသို့ ကမ်းခြေစောင့်သင်္ဘောများက မီးသတ်ပိုက်များဖြင့် ပစ်ခတ်ပြီး ဖိလစ်ပိုင်ပြန်လည်ထောက်ပံ့ရေးမစ်ရှင်ကို ဩဂုတ် ၅ ရက်က ပိတ်ပင်တားမြစ်ခဲ့ပြီးနောက် ယခုကဲ့သို့လေ့ကျင့်မှုမျိုး ထွက်ပေါ်လာခြင်းဖြစ်သည်။

**Philippine, Australian Troops Practise Retaking Island in S. China Sea Drill ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၅၄၇ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၅၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၁၃၄၁၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံ ၁၃၅၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံ ၁၃၄၁၇ ဧက စိုက်ပျိုးဖို့ လျာထားတာ ၁၃၅၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုက လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စားသုံးဆီ ဖူလုံဖို့၊ ဆီထွက်သီးနှံတိုးတက်ဖို့၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးဖို့၊ တစ်ဧက အထွက်နှုန်းကောင်းမွန်ဖို့ တောင်သူတွေနဲ့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၁၅၈ ဧက၊ နှမ်းဧက ၁၁၄၆၀၊ နေကြာ ၉၂၉ ဧက စုစုပေါင်း ၁၃၅၄၇ ဧကတို့ဖြစ်ကြောင်း၊ ဆီထွက်သီးနှံ လျာထားမှုအနေဖြင့် မြေပဲဧက ၁၈၁၀၊ နှမ်းဧက ၁၀၇၀၀၊ နေကြာ ၉၀၇ ဧက စုစုပေါင်း ၁၃၄၁၇ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆီထွက်သီးနှံစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် မွန်းစကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်အတွက် မွန်းစကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိအိမွန်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၅ ဒသမ ၈ သန်းကို ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက မွန်းစကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၉၀ ကို ငွေကျပ် ၃၂ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၃ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို ငွေကျပ် ၃၅ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



ဆင်ပေါင်ဝဲမြို့နယ် မွန်းစကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းရန်ပုံငွေများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ငယ်လေး**

# ဟိုပန်မြို့နယ် ကောင်းဆန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပန် ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကောင်းဆန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီကြည်မောင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကောင်းဆန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီး အောင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဟိုပန်ခရိုင် ဟိုပန်မြို့နယ် ကောင်းဆန်းကျေးရွာ၌ အရှည်နှစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ဂါလန် ၃၀၀၀ ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ပထမပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကောင်းဆန်းကျေးရွာရှိ ဒေသခံပြည်သူများ ရာသီမရွေးသောက်သုံးရေ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၈-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၉၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

















**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိမှုကို တွေ့ရစဉ်။**

**၂၃ ရှေ့ဖုံးမှအဆက်**

ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီးအလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ် သီးစုံဒံပေါက်များကို အာဟာရဒါန စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများကို ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများကို အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။**

**နေပြည်တော် ဩဂုတ် ၂၆**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာများ အားထုတ်နိုင်ရေးတို့အတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ကျိုင်းတောင်းမြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀ တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ၁၀ မြို့နယ်တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရေးဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဂ)ရပ်ကွက် သတ္တဌာနမိုးကုတ်ရိပ်သာဝင်းအတွင်းနှင့် အမရပူရမြို့နယ် မှန်တန်းရပ်ကွက် ရွှေကူကြီးဘုန်းကြီးကျောင်းဝင်းအတွင်း၊ အပြင်တို့၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၇၈/ ၂၀၂၃**
၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါက်တာရီအေး
(၂) ဦးတင်မြင့်
(၃) ဒေါက်တာလှညွန့်

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့်လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်း နိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၆**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ဘူးသီးတောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၌ ဆောင်ရွက်ထားရှိသည့် ဥစားကြက်မွေးမြူရေးခြံ၊ DYL ဝက် မွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံ၊ ငွေနှင်းမှိုနှင့် ပဲပင်ပေါက်စိုက်ပျိုးရေးလုပ်ငန်းများ၊ ရာသီသီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး နယ်မြေခံ တပ်ရင်းများ၌ ဥစားကြက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မှော်ဘီမြို့နယ်၊ မုံရွာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သာသနာနွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လိပ်ပျွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ နယ်မြေခံဆေးကုသရေးအဖွဲ့က လိပ်ပျွတ်ကျေးရွာရှိ ကျက်သရေကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၂၃၈ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ရောဂါရှာဖွေကုသခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကောရဗျကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူ ၈၅ ဦးတို့ကို သွေးတိုးရောဂါ၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ဇိနောဒယသီလရှင်စာသင်တိုက်မှ သာသနာနွယ်ဝင်သီလရှင်နှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သာသနာနွယ်ဝင် သီလရှင် ၂၀၂ ပါးနှင့် ဒေသခံပြည်သူ ၂၈ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ သွေးဖောက်၍ ဆီးချိုသွေးချိုစစ်ဆေးခြင်းနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်း တို့ကိုဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် သာသနာနွယ်ဝင် သီလရှင် ၁၂၈ ပါးနှင့် ဒေသခံပြည်သူ ၂၈ ဦးတို့ကို ဆေးကုသရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်းဝင်းအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆု၊ အကောင်းဆုံးကစားသမားဆုများနှင့် ဒိုင်းဆုရရှိသော ဗထူးတပ်နယ်အသင်းတို့ကို တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် ဩဂုတ် ၁၅ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ဗထူးတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါးကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



# သြဂုတ် ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ မတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် သြဂုတ် ၂၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၁၀၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် သြဂုတ် ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မြောက်ဥက္ကလာ (၂)ဈေးမှတ်တိုင်အနီး သုဓမ္မာလမ်းမကြီးပေါ်တွင် မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးအား မရမ်းကုန်းမြို့နယ် နာဂသိုလှောင်ရုံဝင်းအတွင်း ခေါ်ယူစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ပုဇွန်နှစ်ကောင်ဆီ ၃၂ ဘူးနှင့် ပဲပိစပ်ဆီ ၁၁၂ ဘူးအပါအဝင် ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သြဂုတ် ၂၃ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Portable Aircon နှစ်ခု အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀ ကိုလည်းကောင်း၊ သြဂုတ် ၂၄ ရက်တွင် သီလဝါဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Alternator ဒိုင်နမို အလုံး ၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ ကိုလည်းကောင်း၊ မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Fexofenadine Hydrochloride Tablet ဆေးဝါး ၂၈၃၅ ဘူး၊ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Metpure XL Tablet ဆေးဝါးဘူး ၁၀၈၀၊ Growatt Solar Inverter ၁၀ ခုအပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၀၃၅၃၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၁၃၅၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၂၄ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မူဆယ်မြို့အတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ စွမ်းဇော်ရပ်ကွက် စွမ်းဇော်(၄)လမ်း ပြည်ထောင်စုလမ်းမကြီးဘေး တစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် Lady Blouse Short Sleeve အထည် ၂၈၀ အပါအဝင် ကုန်ပစ္စည်း ၁၄ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၉၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ သြဂုတ် ၂၄ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ အမှတ်(၉) ရပ်ကွက်အတွင်းရှိ ဂိုဒေါင်နှင့် စတိုးဆိုင်များ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင်ဆီဘူး ၆၆၀၊ Red Bull အချိုရည် ဘူး ၈၄၀၊ Singha Beer ဘူး ၈၄၀၊ SPY Wine Cooler ပုလင်း ၇၂၀ နှင့် Milo Nestle ဘူး ၁၄၄၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၀၀၀၀ ကိုလည်းကောင်း၊ ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Duro Cycle Tyre ၄၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သြဂုတ် ၂၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဝေါမြို့အနီး၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့ကရိတ်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Wai Wai Instant Rice Vermicelli ၁၆၅ ထုပ်၊ Lactasoy Soymilk ဘူး ၁၀၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၈၈၅၅ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၉၈၈၅၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ သြဂုတ် ၂၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝန်းမော်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Blade ဓားသွားဆူးကြိုး ကီလိုဂရမ် ၁၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ သြဂုတ် ၂၂ ရက်မှ ၂၄ ရက်ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၀၈၇၉၁၅၅ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**







# မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ် ဆိပ်ကမ်းများကို ဒုတိယဝန်ကြီး ကြည့်ရှုစစ်ဆေး



**နေပြည်တော် သြဂုတ် ၂၆**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာ့စက်မှုဆိပ်ကမ်း (MIP)နှင့် အေးရှားဝေါလ်ဆိပ်ကမ်းတို့သို့ရောက်ရှိပြီး ကုန်သေတ္တာများ X-ray စက်ဖြင့် ဖြတ်သန်းစစ်ဆေးနေမှု၊ ဆိပ်ကမ်းအတွင်းနှင့် Export တင်ပို့မည့် CMP ပစ္စည်းများ မျက်မြင်ဖွင့်ဖောက် စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အေးရှားဝေါလ်ဆိပ်ကမ်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ၊ သီလဝါဆိပ်ကမ်းနယ်မြေရှိ ဆိပ်ကမ်းများနှင့် စက်သုံးဆီဆိပ်ကမ်းများမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် သြဂုတ် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း သြဂုတ် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "May TZ Kyaw(Sue Nick)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၇)ရပ်ကွက်နေ မေသဇင်ကျော်အား ည ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ ယနေ့တွင် "Bo Bo Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မရမ်းကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်နေ ဘိုဘိုအောင်အား နံနက် ၂ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အီရန်နိုင်ငံက သဲမုန်တိုင်းပြဿနာများဖြေရှင်းရေး နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရန်ပြင်ဆင်ထား



**တီဟီရန် ဩဂုတ် ၂၆**

အီရန်နိုင်ငံအနေဖြင့် သဲမုန်တိုင်း၊ ဖုန်မှုန်တိုင်းပြဿနာများ ဖြေရှင်းရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြင်ဆင်ထားကြောင်း အီရန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန၏ထုတ်ပြန်ချက်များကို ကိုးကား၍ Tehran Times သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြထားသည်။

အီရန်နိုင်ငံအနေဖြင့် သဲမုန်တိုင်းများနှင့်ပတ်သက်၍ ယခင်သဘောတူညီချက်များကို လိုက်နာဆောင်ရွက်သွားမည့်အပြင် နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း ဩဂုတ် ၁ ရက်က အီရန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အီရတ်နိုင်ငံသို့သွားရောက်ခဲ့သည့် ခရီးစဉ်ကို ရည်ညွှန်း၍ အီရန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၏ လက်ထောက် အကြီးအကဲဖြစ်သူ အီရက်ဟချ်မတီက ဩဂုတ် ၂၃ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်အတွင်း အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံမှ ကိုယ်စားလှယ်များသည် သဲမုန်တိုင်းနှင့် ဖုန်မုန်တိုင်းများ ကိုင်တွယ်ဖြေရှင်းရေးနည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး အဆိုပါပြဿနာများ ဖြေရှင်းရန် အီရန်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့်ဒေသတွင်း လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်ရည်ရွယ်ပြီး နည်းပညာဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ ပူးတွဲစီမံကိန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း အီရန်ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သူ သဲမုန်တိုင်း၊ ဖုန်မုန်တိုင်း ကိုင်တွယ်ဖြေရှင်းရေး အမျိုးသားမူဝါဒချမှတ်ရေးဌာနချုပ်အတွင်းရေးမှူး အလီမိုဟာမက်တာမာဆာဘီက ပြောကြားခဲ့သည်။

ကျွမ်းကျင်သူများ၏ ပြောကြားချက်များအရ အီရန်နိုင်ငံနှင့် အိမ်နီးချင်း ပါရှန်ပင်လယ်ကွေ့နိုင်ငံများတွင် မြေဧက ၆၀၀၀ ကျော်ထိ ကျယ်ဝန်းသော သဲနှင့် ဖုန်မုန်တိုင်းများဖြစ်ပေါ်ရာ နေရာ ရှစ်ခုထိရှိကြောင်း သိရသည်။

AZH

# အီတလီနိုင်ငံ မီလန်မြို့တွင် ၁၇၆၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအပူချိန်သို့ ရောက်ရှိနေ

**ရောမ ဩဂုတ် ၂၆**

အီတလီနိုင်ငံ မီလန်မြို့တွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေပြီး အပူချိန်သည် ဩဂုတ် ၂၃ ရက်မှစ၍ မြင့်တက်နေခြင်းဖြစ်ပြီး ၁၇၆၃ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအပူချိန်သို့ ရောက်ရှိနေကြောင်း အီတလီမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Zawya သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အီတလီနိုင်ငံတွင် ဩဂုတ်လတတိယပတ်မှစ၍ အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပေါ်ခဲ့ပြီး မီလန်မြို့အနီးဝန်းကျင်မြို့များတွင် အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ကြောင်း အီတလီသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ(ARPA)က ထုတ်ပြန်ခဲ့သည်။

"မီလန်မြို့မှာ သက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးပမာဏကိုရောက်ရှိခဲ့ပါတယ်။ ၁၇၆၃ ခုနှစ်နောက်ပိုင်း အပူချိန်ဟာအမြင့်ဆုံးပမာဏကိုရောက်ရှိခဲ့ပါတယ်။ အပူချိန်ပမာဏဟာ ၃၃ ဒီဂရီစင်တီဂရိတ်ထိရောက်ရှိခဲ့ပြီးတော့ မီလန်မြို့အနီးဝန်းကျင်မြို့တွေမှာ အပူချိန်ဟာ ၄၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ လာမဲ့ ရက်သတ္တပတ်အတွင်းမှာတော့ အပူချိန်ဟာ ၁၀ ဒီဂရီစင်တီဂရိတ်ကနေ ၁၅ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းသွားဖွယ်ရှိနေပါတယ်" ဟု အီတလီသဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ(ARPA)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ရိုးမားမြို့တွင် ပြီးခဲ့သောဇူလိုင်လကလည်း စံချိန်တင်အပူချိန်မြင့်တက်မှုအဖြစ် ၄၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး ယခုနှစ် နွေကာလအတွင်း အပူချိန်မြင့်တက်မှု ဆက်တိုက်ဖြစ်ပေါ်ခဲ့ကြောင်း၊ ဇူလိုင်လအတွင်းဥရောပနိုင်ငံများတွင် အပူလှိုင်းဖြတ်သန်းမှုများ ဆက်တိုက်ဖြစ်ပေါ်ခဲ့သော်လည်း ဩဂုတ် ၂၃ ရက်နှင့် ဩဂုတ် ၂၄ ရက်တို့တွင် ဖြစ်ပေါ်ခဲ့သောအပူချိန်မှာ အီတလီနိုင်ငံသမိုင်းတစ်လျှောက် အမြင့်ဆုံးအပူချိန်သို့ ရောက်ရှိခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် အီတလီနိုင်ငံနယ်နိမိတ်အတွင်းရှိ အဲလ်ပ်တောင်တန်းတွင် ရေခဲတောင်အရည်ပျော်ကျမှုများ ဖြစ်ပေါ်နေကြောင်း သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ(ARPA)က ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# လူဝီစီယားနားပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေ

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံ လူဝီစီယားနားပြည်နယ်တွင် ဩဂုတ် ၂၅ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေကြောင်း လူဝီစီယားနားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မာရီဝီးလ်ဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားပြီး လူဦးရေ ၁၂၀၀ ကျော်ထိ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ မိုးလေဝသအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အခြေအနေသို့ရောက်ရှိခဲ့ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီတောင်းခံသွားမည်ဖြစ်ကြောင်း လူဝီစီယားနားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အခြေအနေကို ရောက်ရှိနေပါတယ်။ နေရာတော်တော်များများမှာ တောမီးကူးစက်လောင်ကျွမ်းနေတဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေကိုလဲ နေရာဖြန့်ခွဲထားရတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့နေရာဟာ ခန့်မှန်းနေရာ ၃၀ ထိ ဖြစ်ပေါ်နေပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုဖြစ်ပေါ်နေချိန် လေတိုက်နှုန်းလဲမြင့်တက်နေတဲ့အတွက် တောမီးလောင်ကျွမ်းမှုဟာ တစ်နေရာကနေ တစ်နေရာကို ကူးစက်လောင်ကျွမ်းတာမြန်ဆန်နေပါတယ်"ဟု လူဝီစီယားနားပြည်နယ် စိုက်ပျိုးရေးနှင့် သစ်တောရေးရာဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုက်စထရိန်းက ပြောကြားခဲ့သည်။

တောမီးကြောင့် ထိခိုက်ဒဏ်ရာရရှိသူမရှိသကဲ့သို့ သေဆုံးသူလည်းမရှိခဲ့ကြောင်း လူဝီစီယားနားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**



# အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူငါးဦးသေဆုံး

**ဝါရှင်တန် ဩဂုတ် ၂၆**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ပြီး လူငါးဦး သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း မီချီဂန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု MLive သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းကြောင့် သစ်ပင်ကြီးများလဲကျခဲ့သကဲ့သို့ ဓာတ်တိုင်များလည်း လဲကျခဲ့သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ သစ်ပင်ကြီးများလဲကျမှုကြောင့် လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်နေပြီး အမှတ်(၉၆)အဝေးပြေးလမ်းမတွင် မုန်တိုင်းကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ကာ ယာဉ်တိမ်းမှောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း မီချီဂန်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဩဂုတ် ၂၅ ရက်မှာ အားကောင်းတဲ့ မုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပါတယ်။ တချို့နေရာတွေမှာ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်တချို့ပျက်စီးခဲ့ပြီး သစ်ပင်ကြီးတွေလဲကျကာ သေဆုံးသူ ငါးယောက်ရှိခဲ့ပါတယ်။ ဓာတ်တိုင်တွေလဲကျမှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းအခြေအနေ တည်ငြိမ်သွားပြီဖြစ်လို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်"ဟု မီချီဂန်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းသည် မီချီဂန်ပြည်နယ် လန်းဆင်းမြို့ကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လန်းဆင်းမြို့တွင် သစ်ပင်ကြီးများ နေအိမ်ပေါ်သို့ လဲကျခဲ့ခြင်းကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သေဆုံးသူငါးဦးအနက် နှစ်ဦးမှာလန်းဆင်းမြို့မှဖြစ်ပြီး အခြားသုံးဦးမှာ မီချီဂန်ပြည်နယ် အနောက်ဘက်ပိုင်း ဒီဒါစပရင်းနယ်မြေမှဖြစ်ကြောင်း မီချီဂန်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းသည် တစ်နာရီမိုင် ၉၀ နှုန်းဖြင့် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး အင်ဂမ်ကောင်တီတွင်လည်း မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတချို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ Mobile Home တချို့ပျက်စီးခဲ့ပြီး မုန်တိုင်းအခြေအနေ ပြန်လည်တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း မီချီဂန်ပြည်နယ်အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



# အသီးပုပ်ချိန်

ငြိမ်းချမ်းအောင်(နတ်တလင်း)



(၁)

ကိုင်းဖျားဆီမှ ပြွတ်သိပ်နေသော မာလကာသီးများကိုကြည့်၍ မသူဇာတစ်ယောက် ပျော်ရွှင်နေသည်။ မနက်ဖြန် ဈေးတွင်ရောင်းရန်အတွက် ခူးရမည်ဟုတွေးရင်း အလုံးအကြီးကြီးများကိုလိုက်ရှာ၍ ခူးရန်နေရာလည်း မှတ်သားနေရ၏။ သည်လို မှတ်မထား၍လည်း မဖြစ်။ မှတ်ထားသည့်ကြားထဲက ရှက်ပုန်းသီးများကျန်ခဲ့ပြီး မခူးဖြစ်ဘဲကြွေကျသွားသည့် အသီးများကလည်း မနည်းတော့။ ထို့ကြောင့် အပင်တိုင်းကိုသေချာလိုက်ကြည့်၍ ခူးရမည့်အသီးများကို ရေတွက်နေသည်။ ဖွေးရွှနေသော မာလကာသီးများကိုကြည့်၍ စိုက်ပျိုးသူထက် ဝယ်စားသူက သာပါလားဟုလည်း မသူဇာတစ်ယောက် တွေးမိလေသည်။ ဝယ်စားသူများက ကြိုက်နှစ်သက်ရာ အသီးကိုရွေး၍ ပိုက်ဆံရှင်းပေးလျှင် ရ၏။ စိုက်ပျိုးသူများဘဝက ထိုသို့မဟုတ်။အပင်ငယ်ဘဝကတည်းက အရိပ်တကြည့်ကြည့်ဖြင့် ရှင်သန်ကြီးထွားရန် ဂရုစိုက်ရလေသည်။ သည်ကြားထဲစိုက်ပျိုးထားသည်က မာလကာပင်များဖြစ်၍ အခြားအပင်များထက် အလုပ်ရှုပ်လှ၏။ အကိုင်းဖျားများဖြတ်ရ၊ စက္ကူဖြင့်ပတ်၍ အသီးများကို အိတ်လိုက်စွပ်ပေးရသည်မှာလည်း ပင်ပန်းလှ၏။ ကီလိုမာလကာသီးဆိုသည်မှာလည်း အိတ်မစွပ်၍ မဖြစ်ပေ။ အိတ်စွပ်ပေးမှသာ ဖွေးရွှပြီး အသီးလှလေသည်။

(၂)

ခြံဝင်းကျယ်ကြီးထဲတွင် သီးပင်စားပင်များစိုက်ပျိုး၍ အသက်မွေးဝမ်းကျောင်းနေသော မသူဇာတို့သားအမိဘဝသည် အချမ်းသာကြီးမဟုတ်သော်လည်း စီးပွားရေးအဆင်ပြေလှသည်။ ဖခင်ဖြစ်သူရှိစဉ်ကတည်းက စိုက်ပျိုးထားသောသီးနှံပင်များကလည်း ရာသီအလိုက် ခူးနေရသောကြောင့် ဝင်ငွေမပြတ်လှ။ တစ်ခါတစ်ခါ ဆုံးပါးသွားသော ဖခင်ဖြစ်သူကို မသူဇာ လွမ်းဆွတ်မိပါ၏။ ဖခင်ဖြစ်သူ အမြော်အမြင်ကြီးစွာ သစ်ပင်များ စိုက်ပျိုးထားခဲ့သောကြောင့်သာ အပြင်အလုပ်များကို မသူဇာတို့သားအမိ ထွက်မလုပ်ရခြင်းဖြစ်လေသည်။

"သမီးရေ ဘုရားဆွမ်းတော်တင်ဖို့ မာလကာသီးပွနေတဲ့အလုံးတွေ ရှာခူးခဲ့ပါအုံး"

အမေဖြစ်သူ ဒေါ်အေးနွယ်၏စကားကို ကြားသော်လည်း အလုပ်လုပ်နေရင်းတစ်ဖက်ဖြစ်၍ မသူဇာ မအားသေး။ ထို့ကြောင့်-

"ဟုတ်ကဲ့ အမေ၊ အပင်ရေလောင်းနေတာပြီးသွားရင် သမီးခူးလာခဲ့မယ်"ဟုပြန်ဖြေရင်း မပြီးပြတ်သေးသောအလုပ်များကို ဆက်လုပ်နေခဲ့သည်။

(၃)

"အစ်မပြောတဲ့ ပိုက်ဆံက အများကြီးမဟုတ်ပါဘူး သူဇာရယ်။ အတိုးပေးရမယ်ဆိုလဲ အစ်မ ပေးမှာပါ။ အကြာကြီးလဲ မထားပါဘူး။ ရက်ပိုင်းအတွင်း အစ်မ ပြန်ဆပ်မှာပါ"

မျက်ရည်များဝဲရင်း စကားပြောနေသော မမြခင်ကိုကြည့်၍ မသူဇာ သနားစိတ် ဝင်လာခဲ့သည်။ အမေဖြစ်သူ ဒေါ်အေးနွယ်က အနားတွင်ရှိနေသော်လည်း ဘာမျှဝင်မပြော။

"ခက်တာပဲ အစ်မရယ်၊ ကျွန်မတို့က သားအမိနှစ်ယောက်တည်း ရှာစားနေရတာဆိုတော့ ဘယ်က ငွေပိုငွေလျှံရှိမလဲ"

မသူဇာက အတတ်နိုင်ဆုံး နားဝင်ချိုအောင် ပြန်ပြောသော်လည်း မရ။ မမြခင်က ကူညီပေးရန်သာ အတင်းတောင်းပန်နေသည်။ သူတစ်ပါးအခက်အခဲကို တတ်နိုင်သမျှ ကူညီကောင်းသည်ကို မသူဇာ သိပါ၏။ သို့သော် မမြခင် လာပြောသော ပိုက်ဆံပမာဏကို ချေးငှားရန် အိမ်တွင် မရှိ။ ယခင်ကလည်း မမြခင်လိုအပ်သော ပိုက်ဆံအနည်းငယ်ကို မသူဇာ အတိုးမယူဘဲ ချေးငှားဖူးပါ၏။ ပြန်ရသည့်အခါရှိသလို မရသည့်အခါလည်း ရှိခဲ့၏။ သို့သော် မသူဇာ ဘာမျှအပြစ် မပြော။ မမြခင်တို့ မိသားစုစားဝတ်နေရေး အဆင်ပြေပါစေဟုတွေးရင်း ထုတ်ပေးလိုက်သည်သာ။ ယခုလည်း ပိုက်ဆံထပ်ချေးရန် အတန်တန်ပြောနေသော မမြခင်ကိုကြည့်၍ ပိုက်ဆံထပ်ချေးရ၊ မချေးရ တွေးရင်း မသူဇာစိတ်ထဲ ဝေခွဲမရပေ။

"သမီးရေ ဒီစုဘူးထဲမှာ အမေစုထားတာ ဘယ်လောက်ရှိမလဲ ထုတ်ကြည့်ပြီး မြခင်ကိုပေးလိုက်ပါ"

အမေဖြစ်သူ ဒေါ်အေးနွယ်၏ စကားသံကြောင့် မသူဇာ အထိတ်တလန့်ဖြစ်သွားခဲ့သည်။ တားရန်ဟန်ပြင်သော်လည်း မရတော့။ အမေဖြစ်သူ လှမ်းပေးသော စုဘူးကိုပိုက်ရင်း မသူဇာငိုင်တွေသွားခဲ့၏။ သည် စုဘူးထဲက ပိုက်ဆံများက ဆုံးပါးသွားသော အဖေ ဖြစ်သူအတွက်ရည်စူး၍ အလှူဒါနလုပ်ပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် အမေစုထားမှန်း မသူဇာ သိသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် စုဘူးထဲက ပိုက်ဆံများကို မသူဇာ မပေးချင်။ သို့သော် အမေဖြစ်သူ ဒေါ်အေးနွယ်၏ သူတစ်ပါးအခက်အခဲကို ကူညီကောင်းပါတယ် သမီးရယ် ဟူသောစကားတစ်ခွန်းကို မသူဇာတစ်ယောက် မလွန်ဆန်နိုင်ခဲ့ပေ။

(၄)

"အစ်မ မြခင် အဆင်ပြေရင် ညီမ ပိုက်ဆံလေး ပြန်ဆပ်ပါအုံး။ အခုတစ်လော အမေလဲ ကျန်းမာရေးသိပ်မကောင်းတော့ ဆေးဖိုးလိုနေလို့ပါ"

"ညည်းတို့ပိုက်ဆံကို အကြာကြီးမထားပါဘူး အေ။ ပိုက်ဆံလေး တစ်ခါချေးမိပါတယ် တောင်းလို့ကို လက်စမသတ်တော့ဘူး။ ငါပြန်ဆပ်ချင်တဲ့အချိန်ကျမှ ပြန်ဆပ်မယ်။ ခဏခဏ လာတောင်းမနေနဲ့"

ဒေါသတကြီး အော်ပြောနေသော မမြခင်ကိုကြည့်၍ မသူဇာ အံ့အားသင့်နေသည်။ အိမ်မှာ ပိုက်ဆံလာချေးသည့်နေ့က ထိုသို့မဟုတ်။ ပိုက်ဆံ ပြန်တောင်းခါမှ အပြောင်းလဲကြီးပြောင်းလဲသွားသော မမြခင်ကိုကြည့်၍ မသူဇာ ဘာထပ်ပြောရမှန်း မသိတော့ပေ။ ကိုယ့်အပြစ်နှင့်ကိုယ်ဖြစ်၍ မသူဇာစိတ်ထဲ ဝမ်းနည်းမဆုံးတော့။ ပတ်ဝန်းကျင်က လူတချို့ကလည်း လှမ်းကြည့်နေသောကြောင့် မသူဇာ ရှက်လှပြီ။ ထို့ကြောင့် နောက်ထပ် ဘာစကားမျှထပ်မပြောတော့ဘဲ အိမ်ပြန်လာခဲ့တော့သည်။ အိမ်ပြန်ရောက်သော်လည်း သည်အကြောင်းကို အမေဖြစ်သူ ဒေါ်အေးနွယ်သိအောင် မသူဇာပြောမပြခဲ့ပေ။ အမေသိလျှင်လည်း စိတ်မကောင်းဖြစ်ရှာသာရှိမည်ဟုတွေး၍ မသူဇာစိတ်ထဲ ခံပြင်းသမျှကို မျက်နှာတွင် မပေါ်လွင်အောင် ထိန်းနေရ၏။

"ဒီခြင်းထဲက မာလကာသီးတွေ ဘုရားဆွမ်းတော်တင်ဖို့ ခူးထားတာလား အမေ"

"ဟုတ်တယ် သမီးရေ၊ သမီးပြန်မလာသေးတာနဲ့ အမေ ရှာခူးထားတာ"ဟု ဒေါ်အေးနွယ်ပြန်ဖြေရင်း ဘုရားပန်းကပ်ရန် ပန်းများကိုရေဆေးနေသည်။ အမေဖြစ်သူ ခူးထားသော မာလကာသီးများကိုကြည့်၍ မသူဇာက-

"အမေက ရှာခူးတတ်သားပဲ။ အသီးတွေက တစ်လုံးမှ အနာအဆာတောင်မပါဘူး။အသီးပုပ်တွေပါမလားလို့ သမီးကြည့်မိသေး"

"အသီးပုပ်နေတာတွေက မြင်ရပါတယ် သမီးရယ်၊ အမေ မခူးဘဲ ထားခဲ့လိုက်တယ်"

အမေပြောသလို အသီးပုပ်များကို မြင်ရသော်လည်း လူများစိတ်ပုပ်လျှင် မမြင်ရဘူးနော်ဟု မသူဇာ ပြောလိုက်ချင်သော်လည်း ပြောမထွက်ခဲ့။ သိပ်မကြာလိုက် ဘုရားခန်းထဲမှ အမေဖြစ်သူ ဒေါ်အေးနွယ်၏ မေတ္တာပို့အမျှဝေသံများကို နားထောင်ရင်း မသူဇာစိတ်ထဲ ပူလောင်လာခဲ့သမျှ ကွယ်ပျောက်သွားခဲ့သည်။

(၅)

"ဒေါ်လေးအေးနွယ် ဘာတွေလုပ်နေတာလဲ"

အိမ်ရှေ့က လှမ်းမခေါ်ဘဲ အိမ်ထဲရောက်မှ နှုတ်ဆက်လိုက်သော မမြခင်၏ စကားသံကြောင့် အမှတ်တမဲ့ဖြစ်၍ ဒေါ်အေးနွယ်တစ်ယောက်လန့်သွားခဲ့လေသည်။ ထို့ကြောင့်-

"ဖြည်းဖြည်းခေါ်လဲ ရပါတယ် မြခင်ရယ်။ ညည်းမလဲ နောက်ကကျားလိုက်လာတဲ့အတိုင်းပဲ။ ငါဖြင့် လန့်တောင်သွားတယ်"ဟု ဒေါ်အေးနွယ် ပြောရင်း ရေနွေးကြမ်းအိုးကို မမြခင်ရှေ့သို့ ချပေးလိုက်သည်။ အရင်တစ်ခေါက် မမြခင် ပိုက်ဆံလာချေးပြီးကတည်းက ပေါ်မလာသည်ကို ဒေါ်အေးနွယ်မှတ်မိသော်လည်း ဘာမျှမပြော။ မိသားစုစားဝတ်နေရေးနှင့် အလုပ်အကိုင်များအကြောင်းကိုသာ မေးမြန်းပြောဆိုနေခဲ့သည်။ ပိုက်ဆံကိစ္စကို ဒေါ်အေးနွယ် ထည့်မပြောဆိုသည်ကလည်း မမြခင်နှင့် အမျိုးနီးစပ်တော်သောကြောင့် အားနာ၍ဖြစ်လေသည်။

"ညီမလေး သူဇာ ဘယ်သွားလဲ ဒေါ်လေး။ သူ့ကို အိမ်မှာမတွေ့ပါလား"

"သမီးရယ် ခြံထဲမှာ အသီးခူးနေတယ် မြခင်ရဲ့။ သူနဲ့တွေ့ချင်ရင် ခြံထဲလိုက်သွားလေ"ဟု ဒေါ်အေးနွယ်က ပြောလိုက်သော်လည်း မမြခင်တစ်ယောက် ဘာမျှပြန်မပြော။ ထိုင်နေရာမှ အိမ်အပြင်ဘက်သို့သာ ငေးကြည့်နေခဲ့သည်။ ဟိုတစ်လောက မသူဇာကိုမချေမငံပြောခဲ့မိသည့်အတွက်ကြောင့်လည်း မျက်နှာချင်းဆိုင်ရမည်ကိုပင် မဝံ့မရဲဖြစ်နေခဲ့၏။ ထို့ကြောင့်-

"လိုက်မသွားတော့ပါဘူး ဒေါ်လေးရယ်။ ဒေါ်လေးကို ပြောရမှာတော့ အားနာပါတယ်။ ကျွန်မ ပိုက်ဆံနည်းနည်းလိုနေလို့၊ ညီမလေးသူဇာဆီမှာလဲ ထပ်မချေးရဲတော့ဘူး။ ဒေါ်လေးအဆင်ပြေရင် ကူညီပါအုံး။ အရင်ဟာကော အခုဟာကိုပါ တစ်ခါတည်းပေါင်းပေးမှာပါ"

မျက်နှာငယ်လေးဖြင့် ပြောနေသော မမြခင်ကိုကြည့်၍ ဒေါ်အေးနွယ်တစ်ယောက် သနားစိတ်ဝင်လာခဲ့သည်။ အရင်တစ်ခါချေးသွားသည့် ပိုက်ဆံကို ပြန်မပေးသေးသောကြောင့် နောက်ထပ်ပိုက်ဆံမချေးနိုင်ဘူးဟု ပြောချင်သော်လည်း မပြောရက်ခဲ့။ ထို့ကြောင့် ဒေါ်အေးနွယ်တစ်ယောက် ရှိစုမဲ့စုပိုက်ဆံများကိုထုတ်ယူ၍ မမြခင်ကို လှမ်းပေးလိုက်လေသည်။

"ခုနကပြန်သွားတာ မမြခင်လား အမေ၊ သူ ဘာလာလုပ်တာလဲ"

"လမ်းကြုံလို့ ဝင်လာတာပါ သမီးရယ်"ဟု ဒေါ်အေးနွယ်ဖြေရင်း မသူဇာရွက်လာသော မာလကာသီးခြင်းတောင်းကို လှမ်းယူလိုက်လေသည်။ မမြခင်လာသည်မှာ အကြောင်းတော့ရှိမည်ဟု မသူဇာတွေးမိသော်လည်း အမေဖြစ်သူကို ဘာမျှမမေးခဲ့။ မေးလည်း အမေဖြစ်သူဒေါ်အေးနွယ်က တစ်ဖက်သားအပေါ် သနားစိတ်ဖြင့် မသူဇာကို အမှန်တိုင်းပြောမည်မဟုတ်ပေ။ ထို့ကြောင့် မသူဇာတစ်ယောက် ဘာမျှထပ်မပြောမနေတော့ဘဲ ခူးလာသည့် မာလကာသီးများကို အိတ်ချွတ်၍ ခြင်းထဲထည့်နေခဲ့၏။

"ဒီတစ်ခါ မာလကာသီးအပုပ်တွေ တော်တော်များပါလား သမီးရဲ့"

"ဟုတ်တယ် အမေရေ၊ အသီးပုပ်တွေကို အပင်မှာကတည်းက မမြင်ရလို့ခူးမိလိုက်တာ သမီးလဲ မမြင်သလို အမေလဲ မမြင်ဘူးနော်"ဟု မသူဇာပြန်ပြောရင်း ပုပ်နေသော မာလကာသီးများကို အဝေးဆီသို့လွှင့်ပစ်လိုက်လေတော့သည်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှစ်ရှည်ပင် ၂၇၁၉ ဧက စိုက်ပျိုးပြီးစီး



ယခင်ကစိုက်ပျိုးထားသည့် လျှော်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

**ကျွန်းလှ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှစ်ရှည်ပင် ၂၇၁၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှစ်ရှည်ပင် ၂၇၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နှစ်ရှည်ပင် ဧက ၂၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ အခု ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မနှစ်က ကျွန်းလှမြို့နယ်မှာ နှစ်ရှည်ပင် ဧက ၁၅၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် နှစ်ရှည်ပင် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လျှော်ဖြူ ၅၈၄ ဧက၊ ပရဆေး ၅၈၅ ဧက၊ ကြယ်ပဲ တစ်ဧက၊ ထန်းဧက ၂၀၊ အုန်း ၂၃၃ ဧက၊ ငှက်ပျော ၂၀၆ ဧက၊ ကွမ်းသီး ၁၃ ဧက၊ ကွမ်းရွက် ၅၄ ဧက၊ သစ်သီးပင် ၈၈၁ ဧက၊ အခြားမစားသုံးပင် ၁၄၂ ဧက စုစုပေါင်း ၂၇၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် နှစ်ရှည်ပင်စိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP အသိအမှတ်ပြုလက်မှတ်ရရှိရေးနှင့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် ထောက်ကြန့်ကွင်း(အမ်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မင်းလှ ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထောက်ကြန့်ကွင်း(အမ်)ကျေးရွာ၌ တိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ထောက်ကြန့်ကွင်း(အမ်)ကျေးရွာ၌ ကုန်ထုတ်လမ်းလုပ်ငန်းဆောင်ရွက နေမှုကို ကြည့်ရှုစစ်ဆေး ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

ထောက်ကြန့်ကွင်း(အမ်)ကျေးရွာ ကုန်ထုတ်လမ်း အရှည်ပေ ၃၅၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် နှစ်ပေ မြေသားခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၁၇ သန်းဖြင့် အီရတနာအောင်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ဒေသထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ အချိန်မီ ပေးပို့ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**



# ဂွမြို့နယ် တောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဂွ ဩဂုတ် ၂၆**

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ တောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဂွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၀ ဒသမ ၆၇ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ပေါက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၁ ဦးကို ငွေကျပ် ၃၉ ဒသမ ၉၇ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၃သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ကိုးသန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို ငွေကျပ် ၅၀ ဒသမ ၆၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်ထံမှ သိရသည်။

**ကိုသန်း**

# ပြည်ထောင်စုစိတ်ထား နိုင်ငံ့အား

\- မြန်မာပြည်တွင်း ပေါင်းစုနေ
ပြည်ထောင်စုသားတွေ
အမိမြေကို တန်ဖိုးထား
ချစ်ခင်ကြစေသား။

\- ကချင် ကယား တို့ညီနောင်
လက်တွဲလို့ ရှေ့ဆောင်
အောင်မြင်ဖို့ရန် တူလျှောက်လှမ်း
လက်တွဲ မဖြုတ်စတမ်း။

\- ကရင် ရှမ်းနဲ့ ချင်းညီကို
စည်းလုံးညီညွတ်ပို
ဖွံ့ဖြိုးမှုကို တူတကွ
သယ်ပိုး ဆောင်ကြဉ်းကြ။

\- အနောက်ပိုင်းက ရခိုင်ပြည်
အေးချမ်းစွာ ချစ်ကြည်
ဓလေ့စုံညီ ယဉ်ကျေးမှု
လက်တွဲ ပြည်ထောင်စု။

\- မွန်လူမျိုးစု ချစ်စရာ
သွေးချင်းညီကို ဗမာ
ရှေးခေတ်များစွာ ချစ်ကြည်ရင်း
ငြိမ်းချမ်းရေး ဆောင်ကြဉ်း။

\- နာဂတ်ပန်းခင်း အိပ်မက်ငယ်
ဖွံ့ဖြိုးမှုလမ်းဝယ်
မျှခံစားမယ် ညီနောင်တို့
ပြည်ထောင်စုစိတ်ဓာတ် ထားကြစို့။ ။

**ခင်မင်းစိုး(ဗိုလ်ကလေး)**

# ပွင့်ဖြူမြို့နယ်ရှိ ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတား တည်ဆောက်နေမှုစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လယ်ကိုင်း-ရွှေလှေ-ထနောင်းကုန်း ကျေးရွာချင်းဆက်လမ်းပေါ်၌ ကွန်ကရစ်တံတား တည်ဆောက်နေမှုအခြေအနေများကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူ၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွန်ကရစ်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါအောင်မြင်သည့် သုခစုလျှံကုမ္ပဏီမှတာဝန်ရှိသူက ကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူက လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

လယ်ကိုင်း-ရွှေလှေ-ထနောင်းကုန်းလမ်းပေါ်ရှိ အရှည် ပေ ၆၀၊ အကျယ် ပေ ၂၀၊ အမြင့် ၂၂ ပေရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉၆ ဒသမ ၄သန်းဖြင့် သုခစုလျှံကုမ္ပဏီက ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၁၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ တံတားပြီးစီးပါက ကျေးရွာခုနစ်ရွာရှိ အိမ်ခြေ ၁၆၂၅ အိမ်၊ လူဦးရေ ၇၁၃၀ ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ခင်မာ**

# အာဖဂန်နစ္စတန်စစ်ပွဲအလွန် ပါကစ္စတန်-အမေရိကန်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု



သမိုင်းတစ်လျှောက်တွင် ပါကစ္စတန်- အမေရိကန် ဆက်ဆံရေးသည် ပုံမှန်မရှိဘဲ အတက်အကျများခဲ့သည်။ ပြီးခဲ့သော ၇၅ နှစ်အတွင်း အကျိုးစီးပွားကို အခြေခံသော နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ကျယ်ပြန့်ခဲ့သော်လည်း နှစ်နိုင်ငံဆက်ဆံရေးအထွတ်အထိပ်သို့ရောက်ပြီးချိန်တွင် ခပ်တန်းတန်းပြန်ဖြစ်သွားခဲ့သည်။ ထို့ကြောင့် ပါကစ္စတန်-အမေရိကန်ဆက်ဆံရေးသည် ပုံမှန်မရှိဘဲ အပြောင်းအလဲများစွာရှိခဲ့သည်။

မည်သို့ပင်ဆိုစေ မကြာသေးမီနှစ်များအတွင်း အာဖဂန်နစ္စတန်မှ အမေရိကန်တို့ဆုတ်ခွာသွားပြီးနောက် ပါကစ္စတန်-အမေရိကန် ဆက်ဆံရေးသည် အတိတ်ကဖြစ်စဉ်များကဲ့သို့ အောက်ဆုံးအဆင့်ထိ ရောက်ရှိသွားခဲ့ခြင်းမရှိပေ။ အာဖဂန်နစ္စတန်စစ်ပွဲနှင့် စပ်လျဉ်း၍ မတူကွဲပြားမှုများနက်ရှိုင်းစွာဖြစ်ပေါ်ခဲ့သော်လည်း နှစ်ဖက်စလုံးသည် အချို့သောနယ်ပယ်များတွင် ဆက်ဆံရေးထိန်းသိမ်းထားခဲ့ပြီး ကျန်းမာရေး၊ သန့်ရှင်းသော စွမ်းအင်၊ ဘေးအန္တရာယ်ပြန်လည်တုံ့ပြန်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် နယ်ပယ်မျိုးစုံတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခဲ့သည်။

ပါကစ္စတန်-အမေရိကန်ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံထိ တိုးတက်ခဲ့ပြီး အမေရိကန်သည် ပါကစ္စတန်တွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး လုပ်ဆောင်လျက်ရှိသည့် နိုင်ငံများအနက်မှ တစ်နိုင်ငံအဖြစ် ၎င်း၏အဆင့်အတန်းကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ ထို့ပြင် ၂၀၂၂ ခုနှစ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီးနောက် အမေရိကန်သည် ပါကစ္စတန်သို့ ဘေးအန္တရာယ်လျော့ပါးသက်သာရေးဆိုင်ရာ အထောက်အပံ့များပေးအပ်လျက်ရှိသည့် နိုင်ငံများထဲတွင် ပါဝင်လျက်ရှိသည့်အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်သွားရန် ကတိကဝတ်ပြုထားသည်။

ထို့ပြင် နှစ်ဖက်စလုံးသည် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုလည်း အတိုင်းအတာတစ်ခုထိ ဆက်လက်ထိန်းသိမ်းထားရှိသည်။ ထရန့်အစိုးရလက်ထက်တွင် ပါကစ္စတန်အတွက် ယခင်ကရပ်ဆိုင်းထားသော စစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို ပြန်လည်ပြုလုပ်ပေးခဲ့သည်။ ဘိုင်ဒင်အစိုးရအနေဖြင့်လည်း ပါကစ္စတန်နှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်လာခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြည်ပစစ်လက်နက်ရောင်းချမှုအနေဖြင့် ပါကစ္စတန်၏ F-16 တိုက်လေယာဉ်များပြုပြင်ထိန်းသိမ်းမှုအစီအစဉ်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၅၀ ခွင့်ပြုပေးခဲ့သည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့သည် ဒုတိယအကြိမ်မြောက် ပါကစ္စတန်-အမေရိကန်ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲသို့တက်ရောက်ရန် ဝါရှင်တန်သို့သွားရောက်ခဲ့သည်။ ၎င်းဆွေးနွေးပွဲသည် နှစ်နိုင်ငံကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆွေးနွေးခဲ့သည်။ ပါကစ္စတန်သည် အမေရိကန်နှင့် အပြန်အလှန်ဆက်သွယ်မှုနှင့် လုံခြုံရေးဆိုင်ရာ သဘောတူညီချက်(CIS-MOA)လက်မှတ်ရေးထိုးရန် သဘောတူညီထားကြောင်း ယခုလအတွင်း မီဒီယာများက ဖော်ပြခဲ့သည်။ အမေရိကန်အလယ်ပိုင်းစစ်ဌာနချုပ်မှူး ဗိုလ်ချုပ်ကြီး မိုက်ကယ်အဲရစ်ခူရီလာသည် ပါကစ္စတန်သို့ အကြိမ်ကြိမ်သွားရောက်လည်ပတ်ပြီးနောက် အဆိုပါ သဘောတူညီချက်ပေါ်ထွက်လာခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြားလုံခြုံရေးဆိုင်ရာ ၁၅ နှစ်ကြာ ပူးပေါင်းဆောင်ရွက်သွားမည့် CIS-MOA ကို ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်သက်တမ်းပြည့်ပြီး သုံးနှစ်ခန့်ရပ်ဆိုင်းခဲ့ပြီးနောက် နှစ်ဖက်စလုံးအနေဖြင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဆက်လက်ထိန်းသိမ်းသွားလိုသော ဆန္ဒရှိနေသောကြောင့် ပြန်လည်ဆွေးနွေးသဘောတူညီမှုများ လက်မှတ်ရေးထိုးခဲ့သည်။

အမေရိကန်သည် အာဖဂန်နစ္စတန်မှ ဆုတ်ခွာခဲ့ပြီးနောက်ပိုင်း အာဖဂန်တို့အုပ်ချုပ်နေသော နိုင်ငံတွင် အကြမ်းဖက်အုပ်စုများ ထပ်မံခြေကုတ်ယူနေနိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်နေဆဲပင်ဖြစ်သည်။ အာဖဂန်တို့က အခြားနိုင်ငံတစ်နိုင်ငံကို အကြမ်းဖက်တိုက်ခိုက်ရေးအတွက် အာဖဂန်ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပေးသွားမည်မဟုတ်ကြောင်း ကတိကဝတ်ပြုလျက်ရှိသော်လည်း ၎င်းတို့၏ စိတ်ဆန္ဒနှင့် ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မှုအပေါ် မေးခွန်းများထွက်ပေါ်လျက်ရှိသည်။ အမေရိကန်သည် အယ်ကေဒါနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ အမေရိကန်သည် ကဘူးမြို့၌ အယ်ကေဒါခေါင်းဆောင်တစ်ဦးကို ဒရုန်းဖြင့်သုတ်သင်နိုင်ခဲ့သည်။ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသတွင် ချေမှုန်းခံခဲ့ရသော IS အဖွဲ့သည် အစိုးရအင်အားချည့်နဲ့နေသော အာဖဂန်တွင် ခြေကုတ်ယူရန်ကြိုးပမ်းနေမှုကိုလည်း အမေရိကန်တို့ စိုးရိမ်ပူပန်နေရလျက်ရှိသည်။

အခြားတစ်ဖက်တွင်လည်း ပါကစ္စတန်၌ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် Tehreek-e-Taliban (TTP) တို့က အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။ TTP အဖွဲ့သည် အာဖဂန်တို့နှင့် နက်ရှိုင်းစွာ ဆက်နွှယ်လျက်ရှိသည့်အပြင် ပါကစ္စတန်ကို အကြမ်းဖက်တိုက်ခိုက်ရန် အာဖဂန်မြေကိုအသုံးချလျက်ရှိသည်။ TTP တို့ကို ထိန်းချုပ်ရန် ပါကစ္စတန်တို့က တိုက်တွန်းလျက်ရှိသော်လည်း အာဖဂန်အစိုးရသည် အကြမ်းဖက်အဖွဲ့ကို တိုက်ခိုက်ရန်ဆန္ဒမရှိသည့်အတွက် ပါကစ္စတန်အနေဖြင့် ၎င်း၏ အနောက်ဘက်နယ်စပ်တစ်လျှောက်တွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ရလျက်ရှိသည်။

အမေရိကန်၏ ရှုထောင့်ကကြည့်မည်ဆိုလျှင် ပါကစ္စတန်နှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု ဆက်လက်ထိန်းသိမ်းသွားလိုသောဆန္ဒ ရှိနေခြင်းသည် အာဖဂန်မှ အကြမ်းဖက်ဝါဒခြိမ်းခြောက်မှုမြင့်တက်လာသောကြောင့်ပင်ဖြစ်သည်။ အမေရိကန်က အာဖဂန်တို့အနေဖြင့် Doha Accords အတိုင်း အကြမ်းဖက်အုပ်စုများကို ခွင့်ပြုသွားမည်မဟုတ်ဆိုသော ကတိကဝတ်ကိုဆက်လက်ထိန်းသိမ်းသွားစေလိုသော ဆန္ဒရှိနေသည်။ အာဖဂန်တို့အနေဖြင့် ၎င်းတို့ကတိ ကဝတ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိလျှင် ပါကစ္စတန်တစ်နိုင်ငံတည်းဖြင့် အာဖဂန်အခြေစိုက် အကြမ်းဖက် အုပ်စုများကို ချေမှုန်းသွားစေလိုသော ဆန္ဒလည်းရှိနေသည်။ ထိုသို့နှိမ်နင်းနိုင်မှသာလျှင် ဒေသတွင်းနှင့် အခြားသောနေရာများရှိ အမေရိကန်အကျိုးစီးပွားကို ခြိမ်းခြောက်နိုင်မည်မဟုတ်ချေ။

အာဖဂန်မှ အမေရိကန်တို့ ဒရောသောပါးဆုတ်ခွာသွားပြီးနောက်ပိုင်း နောက်ဆက်တွဲဆိုးကျိုးများခံစားနေရသည့်ပါကစ္စတန်အနေဖြင့် အမေရိကန်နှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်ခြင်းသည် စစ်ရေးဆိုင်ရာ ဘဏ္ဍာငွေအထောက်အပံ့များ၊ စက်လက်နက်ပစ္စည်းများနှင့်စစ်ရေးလေ့ကျင့်မှုအစီအစဉ်များ ပြန်လည်ရရှိနိုင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အာဖဂန်အစိုးရအနေဖြင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း၊ ပါကစ္စတန်အနေဖြင့်လည်း အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ဖျက်ရန် ကိုယ်ပိုင်အခွင့်အလမ်းရှိကြောင်း အခါအားလျော်စွာထုတ်ပြန်နေမှုများသည် ပါကစ္စတန်မူဝါဒချမှတ်သူများ လိုအပ်ချက်ပင်ဖြစ်သည်။ ပါကစ္စတန်တာဝန်ရှိသူများသည် ခေါင်းမာသော အကြမ်းဖက်သမားများကို ချေမှုန်းရာတွင် သံတမန်လမ်းကြောင်းမှ အထောက်အပံ့များရှာဖွေလျက်ရှိသည်။

❖ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက အာဖဂန်အစိုးရအနေဖြင့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ကတိကဝတ်ကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း၊ ပါကစ္စတန်အနေဖြင့်လည်း အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ဖျက်ရန် ကိုယ်ပိုင်အခွင့်အလမ်းရှိကြောင်း အခါအားလျော်စွာထုတ်ပြန်နေမှုများသည် ပါကစ္စတန်မူဝါဒချမှတ်သူများ လိုအပ်ချက်ပင်ဖြစ်သည်။ ပါကစ္စတန်တာဝန်ရှိသူများသည် ခေါင်းမာသော အကြမ်းဖက်သမားများကို ချေမှုန်းရာတွင် သံတမန်လမ်းကြောင်းမှ အထောက်အပံ့များရှာဖွေလျက်ရှိသည်။ ❖

သို့သော်ပါကစ္စတန်-အမေရိကန်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ပါကစ္စတန်၏ ဘက်မလိုက်လှုပ်ရှားမှုရပ်တည်ချက်ကြောင့် အငြင်းပွားစရာဖြစ်လျက်ရှိသည်။ ပါကစ္စတန်သည် နိုင်ငံရေးအုပ်စုများကြား ရပ်တည်ချက်ရွေးချယ်ရန် တစိုက်မတ်မတ် ငြင်းဆိုလျက်ရှိသည်။

ရေတိုအကျိုးစီးပွားများကိုသာမကြည့်လျှင် မဟာဗျူဟာမြောက်ကစားကွက်သည် ပါကစ္စတန်-အမေရိကန် အနာဂတ်ဆက်ဆံရေးများအတွက် မရေရာမပြတ်မသားဖြစ်နေသည်။ အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသတွင် အမေရိကန်၏မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းများကို ၎င်း၏ပြိုင်ဘက် တရုတ်နိုင်ငံက ပုံဖော်လျက်ရှိသည်။ ပါကစ္စတန်၏ အဓိကပြိုင်ဘက်အိန္ဒိယသည် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိရာ၌ ဩဇာအာဏာကြီးမားလျက်ရှိသည်။ စစ်စင်အားဖြင့် အမေရိကန်သည်ဒေသတွင်း၌ တရုတ်ဆန့်ကျင်ရေးညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းသွားလိုသော ဆန္ဒရှိနေသည်။ မည်သို့ပင်ဆိုစေ အိန္ဒိယအနေဖြင့် အမေရိကန်နှင့် နယ်ပယ်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အခြားတစ်ဖက်၌လည်း နယ်ပယ်ပေါင်းစုံတွင် ပေကျင်းနှင့်ထိတွေ့ဆက်ဆံလျက်ရှိသော ပါကစ္စတန်အနေဖြင့် တရုတ်ဆန့်ကျင်ရေးညွှန့်ပေါင်းအဖွဲ့တွင် ပါဝင်သွားလိုသော ဆန္ဒမရှိပေ။ ထို့ပြင် ပါကစ္စတန်အနေဖြင့် ပထဝီနိုင်ငံရေးဆိုင်ရာအခန်းကဏ္ဍတွင် အိန္ဒိယနိုင်ငံ၏နောက်တွင် နေလိုသောဆန္ဒမရှိသည့်အပြင် အမေရိကန်ဦးဆောင်သော ပထဝီနိုင်ငံရေးတွင်လည်း နောက်လိုက်နိုင်ငံအနေဖြင့် ရပ်တည်သွားလိုသောဆန္ဒမရှိပေ။

ပါကစ္စတန်အနေဖြင့် ဆန့်ကျင်ဘက်အင်အားကြီးအုပ်စုများကြား ဟန့်ချက်ထိန်းညှိရာတွင်အောင်မြင်မှုရရှိနေသော်လည်း လက်တွေ့တွင်မူ အလယ်အလတ်အဆင့်ရှိသောနိုင်ငံများအနေဖြင့် ကောင်းကျိုးရလဒ်တစ်စုံတစ်ရာမျှမရရှိသော အင်အားကြီးနိုင်ငံများကြား စိတ်လက်မချမ်းသာစွာဖြင့် ရွေးချယ်မှုများလုပ်ဆောင်ရလျက်ရှိသည်။ အမေရိကန်အနေဖြင့် တင်းမာမှုမြင့်တက်လာသော တရုတ်-အမေရိကန် နည်းပညာပြိုင်ပွဲတွင် ဥရောပနှင့် အာရှမဟာမိတ်များကိုရွေးချယ်မှုလုပ်ဆောင်ခိုင်းထားပြီးဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ရလဒ်အကျိုးတစ်စုံတစ်ရာမျှ ထွက်ပေါ်ခြင်းမရှိသော အင်အားကြီးနိုင်ငံများ၏ ပြိုင်ပွဲတွင် ရွေးချယ်မှုလုပ်ဆောင်ရတော့မည်ဆိုလျှင် မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးစဉ်းစားသုံးသပ်ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပေသည်။

**ကိုးကား**

- **What is Driving Pakistan-US Security Cooperation After the War in Afghanistan? By The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ထိ ဈေးကောင်းရရှိနေ



**မအူပင် သြဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး ဇူလိုင်လအတွင်းက ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ သာ ဈေးရရှိခဲ့ပြီး သြဂုတ် ၁ ရက်မှ ယနေ့ထိ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀ ထိ ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မအူပင်ဈေးကွက်ထဲကို ရှမ်းပြည်နယ်ဘက်ကနေထွက်တဲ့ ကြက်သွန်နီတွေ ဝင်ရောက်နေပါတယ်။ လက်ရှိ ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၃၇၀၀ ထိဈေးကောင်းရရှိနေပါတယ်။ ဈေးအတက်၊ အကျရှိပေမဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ မအူပင်ပွဲရုံတွေဆီကို ရှမ်းပြည်နယ်ဘက်ကနေ ပုံမှန်အဝင်အထွက်လဲ ရှိနေပါတယ်။ ကြက်သွန်နီက ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေတာပါ။ ပြည်ပဈေးကွက် ထပ်မံတင်ပို့လာရရင်ဈေးတွေ အခုထက်ကောင်းလာဖို့ရှိပါတယ်"ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်သဇင်က ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့်ကြက်သွန်နီပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၅၀၀ မှ ၃၅၀၀ ထိ ဝင်ရောက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပန်းတောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပန်းတောင်း သြဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းတောင်းမြို့နယ် ကျေးရွာနှစ်ရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပန်းတောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေနှင်းဦး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပန်းတောင်းမြို့နယ်အတွင်းရှိ တောမအထက်နှင့်တောမကျေးရွာတို့၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မေနှင်းဦးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ တတိယနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၅၉ ဦးကို ရန်ပုံငွေကျပ် ၆၅ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ မိသားစုဝင်ငွေ ပိုမိုတိုးပွားလာစေရေးအတွက် ငွေကြေးနှင့် အခြားဝန်ဆောင်မှုများကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေနှင်းဦးက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ မိုးနှမ်း ၂၂၁၅၉ ဧကစိုက်ပျိုးပြီးစီး

**ကလေး သြဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံဖြစ်သည့် မိုးနှမ်း ၂၂၁၅၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြ၍ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းဧက ၂၆၇၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၂၂၁၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလေးမြို့နယ်မှာ မိုးနှမ်းဧက ၂၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးနှမ်းကို ဒီနှစ် မေလကစပြီး စိုက်ပျိုးနေကြတာဖြစ်ပါတယ်။ ဒီနေ့ထိ မိုးနှမ်းဧက ၂၂၀၀၀ ကျော်စိုက်ပျိုးပြီးနေပြီ။ မိုးနှမ်းဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ပြောပြသည်။



ယခင်နှစ်က မိုးနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် ကလေးမြို့နယ်တွင် မိုးနှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးနှမ်းစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ နှမ်း ၂၆၇၀၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် စန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် သြဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄၃ ဒသမ ၂ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စန်းတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄၃ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နတ်မောက် သြဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုန်းတော်ပြည့်ကျေးရွာအုပ်စု ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများက ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ငွေစာရင်းဖြည့်သွင်းထားရှိမှု ရှိ၊ မရှိနှင့် စာရင်းဇယားထိန်းသိမ်းမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘုန်းတော်ပြည့်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၉ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွဋ်ထံမှ သိရသည်။

**သူသူ(နတ်မောက်)**



# ဆုံးမနာယူ လွယ်သူဖြစ်မှ ကြီးပွားချမ်းသာရ

**ရွှေညာ(ရွာတန်းရှည်)**

လောက၌ အောင်မြင်ကြီးပွားနေသူများသည် ပြောဆိုဆုံးမလွယ်ကူသော သူများသာဖြစ်ကြသည်။ ဆုံးမစကားကို လွယ်ကူစွာလက်ခံ၍ လိုက်နာကျင့်သုံးခြင်းသည် အောင်မြင်ကြီးပွားရန်အကြောင်း အထောက်အပံ့ဖြစ်သည်။ ဆုံးမလွယ်ကူသောသူကို သောဝစဿတာပုဂ္ဂိုလ်ဟု ခေါ်ဆိုပြီး ဆုံးမ မလွယ်ကူသောသူကို ဒေါဝစဿတာပုဂ္ဂိုလ်ဟုခေါ်ဆို၏။ လူတစ်ဦးအပေါ် ပြောဆိုဆုံးမခြင်းသည် မေတ္တာရှိသောကြောင့်ဖြစ်သည်။ ပညာရှိသူတော်ကောင်းနှင့် ဆရာမိဘ စသူတို့သည် မိမိတို့၏တပည့်သားသမီးများအပေါ် ကြီးပွားတိုးတက်စေလိုသော စေတနာဖြင့် ဆုံးမတတ်လေ့ရှိကြသည်။ ဘေးရန်အန္တရာယ်ကို မြင်၍လည်း ဆုံးမလေ့ရှိကြသည်။ ဆုံးမစကားကို လွယ်ကူစွာလိုက်နာကျင့်သုံးသူရှိသကဲ့သို့ မနာယူမကျင့်သုံးသူလည်းရှိသည်။ ဆုံးမစကားကို လွယ်ကူစွာ လိုက်နာကျင့်သုံးသူသည် အောင်မြင်ကြီးပွားချမ်းသာခြင်းသို့ ရောက်ရ၏။ ဆုံးမစကားကို မလိုက်နာ၊ မကျင့်သုံးသောသူသည် ဘေးဒုက္ခဖြစ်၍ အောင်မြင်ကြီးပွားခြင်းသို့ မရောက်နိုင်ပေ။

သောတံ သုတေနေဝ နကုဏ္ဍလေန ဟူသောပါဠိစကားရှိသည်။ နားဆိုသည်မှာ ရွှေနားကပ်၊ ငွေနားကပ်၊ စိန်နားကပ် ပန်ဆင်ထားမှ တင့်တယ်သည်မဟုတ်။ အကြားအမြင်ဗဟုသုတကို ဆောင်ထားခြင်းဖြင့်သာ တင့်သည်ဟုဆိုလိုသည်။ ပတ်ဝန်းကျင်၌ အတွေ့အကြုံများသူ၊ ဗဟုသုတပြည့်စုံသူ၊ အမြော်အမြင်ကြီးမားသူ၊ အောင်မြင်နေသူတို့၏ပြောစကားများကို ဆောင်ထား၊ မှတ်သားထားခြင်းဖြင့် မိမိတို့၏နားကိုတင့်တယ်စေနိုင်သည်။ ပညာရှိသူတော်ကောင်း ဆရာမိဘတို့၏ ဆိုဆုံးမမှုကို လွယ်ကူစွာ လက်ခံ၊ လက်မခံဆိုသည်မှာ ဆုံးမခံရသူ တပည့်သားသမီးတို့၏ ယောနိသောမနသိကာရ (အကောင်းမြင်စိတ်ရှိခြင်း)၊ အယောနိသောမနသိကာရ (အကောင်းမြင်စိတ်မရှိခြင်း)နှင့်သာ သက်ဆိုင်နေတတ်သည်။

ကြီးပွားအောင်မြင်လိုစိတ်ရှိသူသည် ပြောဆိုဆုံးမရလွယ်ကူပြီး ကြီးပွားအောင်မြင်လိုစိတ်မရှိသူသည် ပြောဆိုဆုံးမရခက်ခဲတတ်လေသည်။ မိမိအား ပြောဆိုဆုံးမသူကို အကောင်းမြင်စိတ်ရှိသောသူသည် ဂါရဝတရား၊ နိဝါတတရားတို့ဖြင့် ကျိုးနွံစွာပြုမူတတ်သည်။ ထိုသူသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောဘဝ၌ အောင်မြင်မှုကို အလွယ်တကူရရှိနိုင်၏။ မိမိအား ပြောဆိုဆုံးမသူကို အကောင်းမြင်စိတ်မရှိသောသူသည် အာဃာတတရား၊ မာနတရားတို့ဖြင့် တုံ့ပြန်တတ်သည်။ ထိုသူသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောဘဝ၌ ဘေးဒုက္ခတွေ့၍ အောင်မြင်မှုမရနိုင်ပေ။

ဗုဒ္ဓရှင်တော်မြတ်သည် "မိမိအပြစ်ကိုထောက်ပြ၍ ဆုံးမတတ်သော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးကို ညွှန်ပြသောသူကဲ့သို့ ဆည်းကပ်ရမည်။ ထိုကဲ့သို့ ဆည်းကပ်သူအား အမြတ်သာရှိ၏"ဟု ဓမ္မပဒ၌ ဟောတော်မူခဲ့သည်။ အောင်မြင်ကြီးပွားလိုသူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် အဆုံးအမဖြစ်သည်။ စည်းစိမ်ဥစ္စာတိုးတက်၍ မဆုတ်ယုတ်ကြောင်းတရားခေါ် အပရိဟာနိယတရား ခုနစ်ပါးရှိသည်။ ထိုတွင် ပညာရှိသူတော်ကောင်းတို့၏ ဆုံးမစကားကို လွယ်ကူစွာနားထောင်ခြင်းဟူသော အင်္ဂါတစ်ပါးလည်း ပါဝင်သည်။ အပရိဟာနိယတရား ခုနစ်ပါးဟူသည်မှာ-

၁။ သတ္ထုဂါရဝတာ – ဘုရား၌ရိုသေခြင်း
၂။ ဓမ္မဂါရဝတာ – တရား၌ရိုသေခြင်း
၃။ သံဃဂါရဝတာ – သံဃာ၌ရိုသေခြင်း
၄။ သိက္ခာဂါရဝတာ – ကိုယ်ကျင့်သီလ၌ရိုသေခြင်း
၅။ သမာဓိဂါရဝတာ – သမာဓိကိုရိုသေခြင်း
၆။ ကလျာဏမိတ္တတာ – မိတ်ဆွေကောင်းရှိခြင်း
၇။ သောဝစဿတာ – ပညာရှိ သူတော်ကောင်းတို့၏ ဆုံးမစကားကို နာယူလွယ်သူဖြစ်ခြင်းတို့ ဖြစ်ကြသည်။

**❖ ကြီးပွားအောင်မြင်လိုစိတ်ရှိသူသည် ပြောဆိုဆုံးမရလွယ်ကူပြီး ကြီးပွားအောင်မြင်လိုစိတ်မရှိသူသည် ပြောဆိုဆုံးမရ ခက်ခဲတတ်လေသည်။ မိမိအား ပြောဆိုဆုံးမသူကို အကောင်းမြင်စိတ်ရှိသောသူသည် ဂါရဝတရား၊ နိဝါတတရားတို့ဖြင့် ကျိုးနွံစွာပြုမူတတ်သည်။ ထိုသူသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောဘဝ၌ အောင်မြင်မှုကို အလွယ်တကူရရှိနိုင်၏။ မိမိအား ပြောဆိုဆုံးမသူကို အကောင်းမြင်စိတ်မရှိသောသူသည် အာဃာတတရား၊ မာနတရားတို့ဖြင့် တုံ့ပြန်တတ်သည်။ ထိုသူသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောဘဝ၌ ဘေးဒုက္ခတွေ့၍ အောင်မြင်မှု မရနိုင်ပေ။ ❖**

ဆုံးမစကား နာယူလွယ်သော ပုဂ္ဂိုလ်သည် လောကီစီးပွားဥစ္စာ ကြီးပွားတိုးတက်စေရုံသာမဟုတ် လောကုတ္တရာအကျိုးစီးပွားဖြစ်သော မဂ်တရား၊ ဖိုလ်တရားများကိုပင် ရရှိနိုင်သောအကြောင်း အထောက်အပံ့လည်းဖြစ်ပေသည်။

မဂ်တရား၊ ဖိုလ်တရားရရန် ကျင့်ကြံအားထုတ်နေသူများအတွက် တရားရရန်အကြောင်းတရား ခြောက်ပါးရှိသည်။ ထိုခြောက်ပါးမှာ-

၁။ ကိစ္စမများခြင်း
၂။ စကားနည်းခြင်း
၃။ အအိပ်နည်းခြင်း
၄။ တစ်ကိုယ်တည်း ပျော်အောင်နေခြင်း
၅။ ဆုံးမလွယ်ကူသူဖြစ်ခြင်း
၆။ မိတ်ဆွေကောင်းရှိခြင်းတို့ဖြစ်ကြသည်။

တစ်ခါက ဗြဟ္မဒတ်မင်းသည် ဒီဃီတိကောသလမင်းကို စစ်တိုက်ရန် ချီတက်လာသည်။ ဒီဃီတိကောသလမင်းသည် အင်အားချင်းမညီ၍ မိဖုရားကို ခေါ်ကာ ထွက်ပြေးရလေသည်။ မိဖုရားကြီးသည် ထွက်ပြေးရာအရပ်၌ပင် သားတော်လေး ဒီယာဝုကို ဖွားမြင်တော်မူသည်။ ဒီဃီတိကောသလမင်းသည် သားတော်လေး ဒီယာဝုကို လုံခြုံသောနေရာသို့ ပို့ဆောင်ပြီး အတတ်ပညာများကို သင်ယူစေသည်။ နှစ်ကာလကြာပြီးနောက် တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် ဒီဃီတိကောသလမင်းနှင့် မိဖုရားကို တွေ့ရှိကာ ဖမ်းဆီးစေပြီး သတ်စေ၏။ ထိုနေ့၌ပင် ဒီယာဝုမင်းသားသည် ပညာစုံသဖြင့် မိဘများထံသို့ ပြန်လာသည်။ ထိုအခါ ဒီယာဝုမင်းသားသည် လူများကြားမှ သူသတ်ကုန်းသို့ ခေါ်ဆောင်သွားသော မိဘများကို တွေ့လိုက်ရသည်။ ဒီဃီတိကောသလမင်းသည် သားတော် ဒီယာဝုမင်းသားကို တွေ့သောအခါ "ရန်တို့မည်သည် ရန်တုံ့မူသဖြင့် မငြိမ်းအေးကုန်၊ ရန်တုံ့မမူသဖြင့်သာ ငြိမ်းအေးကုန်၏"ဟု ဆုံးမစကား ဆိုခဲ့လေသည်။ လူတို့သည် ရှုးသွပ်နေသဖြင့် ယောင်ယမ်းမြည်တမ်းနေသည်ဟုဆိုကြ၏။ ဒီဃီတိကောသလမင်းသည် "အမောင်တို့ ငါသည် ရှုးသွပ်နေသဖြင့် ယောင်ယမ်းသည်မဟုတ်၊ ငါ့စကားကို ပညာရှိတို့သိကြလိမ့်မည်"ဟု ပြန်ပြော၏။ အာဏာပါးကွက်သားတို့သည် သူသတ်ကုန်းတွင် မင်းနှင့် မိဖုရားကို အဆုံးစီရင်လိုက်ကြသည်။

ထို့နောက် ဒီယာဝုမင်းသားသည် ဗြဟ္မဒတ်မင်း၏ ဆင်ထိန်းဆရာထံ၌ တပည့်ခံကာ နေထိုင်လေသည်။ နေ့စဉ် နံနက်တိုင်း စောင်းတီးလျက် သီချင်းဆိုလေသည်။ ဗြဟ္မဒတ်မင်း ကြားသောအခါ အလွန်နှစ်သက်သဖြင့် နန်းတော်အတွင်း၌ အမှုထမ်းရွက်စေ၏။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် ဒီယာဝုမင်းသားအား ရထားကိုမောင်းစေလျက် ဥယျာဉ်တော်ထွက်တော်မူ၏။ ဒီယာဝုမင်းသားသည် ဗြဟ္မဒတ်မင်းကို ဝေးရာသို့ ပရိယာယ်ဖြင့် ခေါ်ဆောင်သွားသည်။ တစ်နေရာသို့ရောက်သောအခါ ဗြဟ္မဒတ်မင်းသည် အလွန်ပင်ပန်းသဖြင့် ဒီယာဝုမင်းသား၏ ပေါင်ကို ခေါင်းအုံး၍ အိပ်၏။ ဒီယာဝုမင်းသားသည် "ငါ့မိဘနှစ်ပါးအား သတ်သူကို ယခုပြန်သတ်ခွင့်ရလေပြီ"ဟုကြံစည်ကာ လက်ဝဲလက်ဖြင့် ဗြဟ္မဒတ်မင်း၏ ဦးသျှောင်ကိုဆွဲပြီး လက်ယာလက်ဖြင့် သန်လျက်ကိုကိုင်ကာ သတ်မည်ပြုလေသည်။ ထိုစဉ် ဖခင်၏ အဆုံးအမစကားကို ပြန်သတိရကာ ဗြဟ္မဒတ်မင်းကို မသတ်ဘဲ ချီတုံချတုံဖြစ်နေသည်။

မင်းကြီးနိုးလာသောအခါ "အရှင်မင်းကြီး အကျွန်ုပ်သည် ဒီဃီတိကောသလမင်း၏သား ဒီယာဝုပင်ဖြစ်၏။ အရှင်မင်းကြီးအား သတ်ရန်ဖြစ်သော်လည်း ဖခင်၏ဆုံးမစကားအတိုင်း အရှင့်အား ရန်မပြုတော့ပါ။ အကယ်၍ အရှင်မင်းကြီး သတ်လိုက အကျွန်ုပ်အား သတ်နိုင်ပါသည်"ဟုဆိုကာ သန်လျက်ကိုပေး၏။ ဗြဟ္မဒတ်မင်းသည် ဒီယာဝုမင်းသားအား အပြစ်မယူဘဲ သမီးတော်နှင့် ထိမ်းမြားပေးသည်။ ဒီဃီတိကောသလမင်း၏ ထီးနန်းကိုလည်း ပြန်လွှဲပေးကာ အသက်ထက်ဆုံး နေထိုင်သွားကြလေသည်။ ဤသည်မှာ ဇာတကအဋ္ဌကထာ၊ ဒီဃီတိကောသလဇာတ်၌လာသော မိဘ၏ဆုံးမစကားကို ဂါရဝထား၍ ကောင်းကျိုးချမ်းသာရသော သာဓကတစ်ခုပင်ဖြစ်သည်။

လွန်လေပြီးသောအခါ ဘုရားအလောင်းတော်သည် ကာသိတိုင်း သူဌေးမျိုး၌ဖြစ်၏။ အရွယ်ရောက်သောအခါ လောကီကာမဂုဏ်တို့၏ အပြစ်ကိုမြင်တော်မူသောကြောင့် ရသေ့ရဟန်းပြုလေသည်။ ရသေ့ရဟန်းပြုပြီးနောက် အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူကာ နောက်ပါရသေ့ အခြံအရံငါးရာဖြင့် ဟိမဝန္တာတော၌ နေတော်မူ၏။ တစ်နေ့တွင် မြွေဟောက်ငယ်တစ်ကောင်သည် ရသေ့တစ်ပါး၏ကျောင်းနေရာသို့ သွားသဘောအတိုင်း ရောက်လာသည်။ ထိုရသေ့သည် မြွေဟောက်ကို သားအရင်းပမာ ချစ်ခင်လျက် ဝါးဆစ်တစ်ခု၌ထားကာ မွေးမြူစောင့်ရှောက်ထား၏။

ထိုသတင်းကို ကြားသိရသော ဘုရားအလောင်းတော်ရသေ့သည် မြွေဟောက်မွေးမြူသောရသေ့ကို မြွေဟောက်နှင့် အကျွမ်းမဝင်သင့်ကြောင်း၊ မမွေးစားရန် ပြောဆိုဆုံးမ၏။ ထိုရသေ့သည် ဘုရားအလောင်းတော်ရသေ့၏ ဆုံးမစကားကို မနာယူဘဲ နေမြဲတိုင်း နေသည်။ နှစ်ရက်၊ သုံးရက်ကြာသော် ရသေ့အားလုံးသည် သစ်သီးရှာထွက်ကြကုန်၏။ ထိုရသေ့လည်း မြွေဟောက်ကို ဝါးဆစ်ထဲပိတ်ထားခဲ့ပြီး နှစ်ရက်၊ သုံးရက်ကြာမှ ပြန်လာလေ၏။ ကျောင်းရောက်သော် မြွေကိုအစာကျွေးရန် ဝါးဆစ်ကို ဖွင့်လေသည်။ မြွေဟောက်သည် အစာအာဟာရပြတ်ကာ ဒေါသထွက် စိတ်ရိုင်းဝင်နေသောကြောင့် ရသေ့၏လက်ကို ကိုက်လေသည်။ ရသေ့သည် ထိုနေရာ၌ပင် အသက်ဆုံးရှုံးရ၏။ ဘုရားအလောင်းတော် ရသေ့သည် "အကျိုးကိုလိုလားသော၊ အစီးအပွားကို စောင့်ရှောက်သောသူက ပြောဆိုဆုံးမပါလျက် အဆုံးအမကို မနာယူသော ရသေ့သည် ဆုံးရှုံးပျက်စီးရလေ၏"ဟု ရသေ့အပေါင်းအား ဆုံးမတော်မူ၏။ ဤသည်မှာ ဇာတကအဋ္ဌကထာ၊ ဝေဠုကဇာတ်တော်၌လာသော ဘုရားလောင်းဆရာရသေ့၏ ဆိုဆုံးမမှုကိုမနာယူသောကြောင့် အကျိုးမဲ့ဖြစ်ရသည့် သာဓကဖြစ်သည်။

လူတိုင်းသည် ကြီးပွားချမ်းသာချင်ကြသည်။ ကြီးပွားချမ်းသာလိုသူတိုင်းသည် ပညာရှိသူတော်ကောင်းများနှင့် ဆရာမိဘတို့၏ ဆုံးမစကားကို နည်းလမ်းကောင်းသဖွယ်မှတ်ယူကာ လိုက်နာကျင့်သုံးသင့်၏။ သို့မှသာ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရား၌ပါသော "သောဝစဿတာ"ဂုဏ်နှင့်လည်း ပြည့်စုံပေမည်။ ထို "သောဝစဿတာ" ဂုဏ်နှင့်ပြည့်စုံမှလည်း ဆုံးမနာယူလွယ်ကူသူဖြစ်၍ ကြီးပွားချမ်းသာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**– ဓမ္မပဒပါဠိတော်**
**ဒီဃီတိကောသလဇာတ်**
**ဝေဠုကဇာတ်**

# အင်္ဂပူမြို့နယ် မတောင့်တကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**အင်္ဂပူ ဩဂုတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မတောင့်တကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းနိုင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇေမင်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ မတောင့်တကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

မတောင့်တကျေးရွာ၌ အရှည် ၄၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ခြောက်သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## ရောင့်ရဲတင်းတိမ်မှ ချမ်းသာရ

တစ်ခါတုန်းကပေါ့ကွယ်။ မြို့စားကြီး တစ်ယောက်ရှိလေသတဲ့။ မြို့စားကြီးဟာ အလွန် ချမ်းသာကြွယ်ဝပေမဲ့ သူ့မှာ အမွေဆက်ခံစရာ သားသမီးမရှိဘူးတဲ့ကွယ်။ မြို့စားကြီးမိန်းမ ဖြစ်သူရဲ့ တူတော်စပ်တဲ့ လူငယ်နှစ်ယောက် ကိုပဲ အလုပ်မှာကူလုပ်ပေးဖို့ ခေါ်ထားရ တာပေါ့ကွယ်။

လူငယ်နှစ်ယောက်ဟာလဲ အလုပ်ကြိုးစားပြီး ရိုးသားတဲ့သူတွေဖြစ်တာကြောင့် မြို့စားကြီးလဲ စိတ်ချရတာပေါ့။ ဒါကြောင့်လဲ သူတို့နှစ်ယောက် ကိုပဲ တစ်ချိန်ကျရင် အမွေပေးပြီး လုပ်ငန်းတွေ ကို ဦးစီးဦးဆောင်လုပ်ခိုင်းဖို့ စဉ်းစားထားလေ သတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာ မြို့စားကြီးဟာ လူငယ် နှစ်ယောက်ကို အရေးကြီးကိစ္စခိုင်းဖို့ ခေါ် လိုက်တာပေါ့။

"ကဲ ငါတူတို့ ဦးလေးရဲ့အသိမိတ်ဆွေရှိတဲ့ မြို့ကို ငါတူတို့ကို လွှတ်ရပါလိမ့်မယ်။ အဲဒီမှာ သုံးရက်လောက်နေပြီး သူ့ရဲ့ပန်းပဲလုပ်ငန်းတွေမှာ ကူညီပြီးလုပ်ကိုင်ပေးကြပါ။ ငါ့တူတို့အတွက် လုပ် အားခကို ထိုက်ထိုက်တန်တန်ပေးပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဦးလေး။ ကျွန်တော်တို့ အကောင်း ဆုံးကြိုးစားပါ့မယ်"

လူငယ်နှစ်ယောက်လဲ ခရီးထွက်ဖို့အတွက် ပြင်ဆင်လိုက်ကြတာပေါ့ကွယ်။ နောက်နေ့လဲ ရောက်ရော လိုအပ်တဲ့အရာတွေကိုယူဆောင်ပြီး မြို့စားကြီးပေးလိုက်တဲ့လိပ်စာနဲ့အတူ ထွက်လာကြ တော့တာပေါ့။

မြို့စားကြီးရဲ့ မိတ်ဆွေဆီလဲရောက်ရော နှစ်ယောက်စလုံးဟာ အလုပ်ကိုကြိုးစားပြီး လုပ်ကိုင်ပေးကြတာပေါ့ကွယ်။ မြို့စားကြီးရဲ့ မိတ်ဆွေကလဲ လူငယ်နှစ်ယောက်စလုံးရဲ့လုပ်ရည် ကိုင်ရည်ကို သဘောကျနေတာပေါ့။ သုံးရက်လဲ ပြည့်ရော မြို့စားကြီးရဲ့မိတ်ဆွေဟာ လူငယ် နှစ်ယောက်ကို လုပ်အားခပေးပြီးပြန်လွှတ်ဖို့ ခေါ်လိုက်လေသတဲ့။

"မောင်ရင်တို့ ဒီနေ့သုံးရက်ပြည့်ပြီဆိုတော့ မောင်ရင်တို့ကို လုပ်အားခရှင်းပေးဖို့ ခေါ်လိုက် တာပါ။ မောင်ရင်တို့အတွက် လုပ်အားခအသပြာ



တစ်ထောင်စီပေးဖို့ စီစဉ်ထားပေမဲ့ မောင်ရင်တို့က သုံးရက်စီပဲကူလုပ်တာဆိုတော့ သုံးရက်စာ အသပြာတစ်ရာစီပဲရမယ် အဆင်ပြေရဲ့လား"

"ပြေပါတယ်ခင်ဗျာ"လို့ လူငယ်နှစ်ယောက် က အပြုံးမပျက်ဘဲ ပြိုင်တူပြောလိုက်ကြတာပေါ့။ မြို့စားကြီးရဲ့မိတ်ဆွေကလဲ ချက်ချင်းမပေးသေး ဘဲ ထပ်မံဆိုလာပြန်သတဲ့။

"မောင်ရင်တို့ကို ကျုပ်ကအလုပ်သီးသန့်လုပ် ဖို့ ခေါ်ထားတာဖြစ်တဲ့အတွက် မောင်ရင်တို့က သုံးရက်စာ ထမင်းဖိုးဟင်းဖိုးတွေတော့ ပြန်ပေးရ လိမ့်မယ်။ ဒါကြောင့် မောင်ရင်တို့ အသပြာငါးဆယ် စီသာရပါလိမ့်မယ် အဆင်ပြေရဲ့လား"

"ပြေပါတယ်ခင်ဗျာ"လို့ လူငယ်နှစ်ယောက် လဲ ပြုံးရွှင်စွာနဲ့ပဲပြန်ပြောလိုက်ကြတာပေါ့ကွယ်။ မတန်မရာလုပ်အားခတွေပေးတာကို မကျေမနပ် မဖြစ်ဘဲ လက်ခံကြတဲ့အတွက်လဲ မြို့စားကြီးရဲ့ မိတ်ဆွေက အံ့အားသင့်နေတာပေါ့ကွယ်။ ဒါကြောင့် မြို့စားကြီးရဲ့မိတ်ဆွေက သူတို့ကို မေးလိုက်လေသတဲ့ကွယ်။

"မောင်ရင်တို့ အခုလို လုပ်အားခမတန်မရာ ပေးတာကို ဘာလို့မကျေမနပ်မဖြစ်ကြတာလဲ"

မြို့စားကြီးရဲ့မိတ်ဆွေစကားကြောင့် လူငယ် နှစ်ယောက်ထဲက တစ်ယောက်ဖြစ်သူက ပြန်ပြော လိုက်တာပေါ့။

"ကျွန်တော်တို့မှာ လူကြီးမင်းဆီက ငွေကြေး ထက် တန်ဖိုးမြင့်မားတဲ့အရာတွေ ယူလာခဲ့ပြီးပါပြီ။ အဲဒါကတော့ ပညာပါပဲခင်ဗျာ။ နောက်ပြီး မြတ်စွာဘုရားဟောထားတဲ့အတိုင်း ရောင့်ရဲ တင်းတိမ်ခြင်းဟာ အမြတ်ဆုံးလို့ဟောထားတဲ့ အတွက် ကိုယ့်ကံနဲ့ ရသလောက်အပေါ် ရောင့်ရဲ တင်းတိမ်ကျေနပ်ရခြင်းသာဖြစ်ပါတယ်"

"ဟုတ်ပါတယ်။ လူကြီးမင်းဆီက သိမှတ်ခဲ့ရတဲ့ ပညာရပ်တွေဟာ ကျွန်ုပ်တို့အတွက် တန်ဖိုးကြီးလှ ပါတယ်။ ကျွန်တော်တို့ အခုလိုလာရတာလဲ လုပ် အားခထက် ပညာကိုပိုပြီးလိုချင်လို့ပါ"

မြို့စားကြီးရဲ့မိတ်ဆွေဟာ လူငယ်နှစ်ယောက် ရဲ့ စိတ်ဓာတ်ကို အရမ်းလေးစားသွားတာပေါ့ကွယ်။ ဒါကြောင့် သူ့ရဲ့သမီးနှစ်ယောက်နဲ့ပေးစားဖို့ ဆုံးဖြတ်လိုက်တာပေါ့ကွယ်။ မြို့စားကြီးကလဲ လူငယ်နှစ်ယောက်အတွက် ဂုဏ်ယူမဆုံးဖြစ်ပြီး သူပိုင်ဆိုင်သမျှကို အမွေပေးဖို့ စီစဉ်လိုက်တော့ သတဲ့ကွယ်။

ကလေးတို့ရေ ပညာကိုရှာဖွေတတ်ပြီး ရောင့်ရဲ တင်းတိမ်စိတ်ရှိတဲ့သူဟာ အောင်မြင်ချမ်းသာမှုကို ရရှိနိုင်တယ်ဆိုတာ မှတ်ထားရမယ်နော်။ ရောင့်ရဲ တင်းတိမ်စိတ်မရှိဘဲ လောဘဇောတွေနဲ့ အလုပ် လုပ်မယ်ဆိုရင်တော့ အောင်မြင်မှုတွေက အလှမ်း ဝေးနေလိမ့်မယ်ဆိုတာ သိထားရမယ်နော်။ ကဲ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့လဲ ပျော်ရွှင်ချမ်းမြေ့ကြပါစေကွယ်။

**ဝိုင်းဆု(ပညာရေး)**

## ကျေးလက်မနက်ခင်း


♦ ရွာဦးကျောင်းက တုံးမောင်းသံ
နေ့စဉ်မနက် အချိန်မှန်။

♦ ဆွမ်းတော်ချက်ရန် နှိုးဆော်ပေး
စည်းချက်မှန်တဲ့ သံချိုအေး။

♦ သပိတ်လေးပွေ့ မြတ်သံဃာ
ကျေးရွာအတွင်း ဆွမ်းခံလာ။

♦ သဒ္ဓါထက်သန် လောင်းလှူကြ
နေ့သစ်တိုင်းမှာ ကုသိုလ်ရ
သာဓု သာဓု နှုတ်ချိုစွ။ ။

**လွမ်းနွယ်(မြိုင်)**



## ကြိုးစားပါ

♦ သားသားမီးမီး ပျော်ပျော်ရွှင်
စာသင်ခန်းကိုဝင်၊
မင်္ဂလာပါ နှုတ်ခွန်းဆက်
စာသင်စာအံလျက်။

♦ ဉာဏ်ပညာထက် ကောင်းတော်ရာ
ကြိုးစားမြတ်ပညာ၊
တတ်သိလိမ္မာ ပညာရေး
ကောင်းစွာသုံးသပ် ချင့်ချိန်တွေး
ကြိုးစားကြမနေး။ ။

**ရှာန်လေး(ပညာရေး)**



# China Southern Airline လေကြောင်းလိုင်းက ရန်ကုန်-ကွမ်ကျိုး-လော့စ်အိန်ဂျလိစ် ခရီးစဉ်သစ်ကို စက်တင်ဘာ ၁ ရက်မှ စတင်ပြေးဆွဲမည်



**ရန်ကုန် ဩဂုတ် ၂၆**

China Southern Airline လေကြောင်းလိုင်းက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံသို့ ပျံသန်းမည့် ရန်ကုန်-ကွမ်ကျိုး- လော့စ်အိန်ဂျလိစ် လေကြောင်းခရီးစဉ်သစ်ကို စက်တင်ဘာ ၁ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။

China Southern Airline လေကြောင်းလိုင်းမှ ပျံသန်းမည့် ရန်ကုန်-ကွမ်ကျိုး- လော့စ်အိန်ဂျလိစ် လေကြောင်းခရီးစဉ်သစ်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့နှင့် စနေနေ့တို့တွင် ပျံသန်းပေးမည်ဖြစ်ပြီး ထိုသို့ ပျံသန်းရာတွင် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် စနေနေ့တို့တွင် ရန်ကုန်မြို့မှ ကွမ်ကျိုးမြို့သို့လည်းကောင်း၊ ကွမ်ကျိုးမြို့မှ လော့စ်အိန်ဂျလိစ် (LA) မြို့သို့လည်းကောင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းတွင် လော့စ်အိန်ဂျလိစ် (LA) မှ ကွမ်ကျိုးမြို့သို့လည်းကောင်း၊ ကွမ်ကျိုးမြို့မှ ရန်ကုန်မြို့သို့လည်းကောင်း လေကြောင်းခရီးစဉ် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ကွမ်ကျိုး-လော့စ်အိန်ဂျလိစ် လေကြောင်းခရီးစဉ်တွင် ရန်ကုန်မြို့မှ လော့အိန်ဂျလိမြို့သို့ လိုက်ပါမည့် ခရီးသည်များအနေဖြင့် ကွမ်ကျိုးမြို့တွင် Transit အဖြစ် ငါးနာရီကြာ ခေတ္တနားရမည်ဖြစ်သော်လည်း တရုတ်နိုင်ငံမှ ပြည်ဝင်ခွင့်ဗီဇာယူရန် မလိုအပ်ကြောင်း၊ Checked baggage နှင့် Boarding pass ကိုလည်း လော့စ်အိန်ဂျလိစ်မြို့ထိ လေကြောင်းလိုင်းမှ စီစဉ်ပေးထားသည့်အတွက် ကွမ်ကျိုးအပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဈေးဝယ်ထွက်ကာ သက်သောင့်သက်သာ နားနေနိုင်ကြောင်း သိရသည်။

China Southern Airline လေကြောင်းလိုင်းမှ ပျံသန်းမည့် ရန်ကုန်-ကွမ်ကျိုး- လော့စ်အိန်ဂျလိစ် လေကြောင်းခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၀၀၀ ကျော်သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ညောင်ရွှေမြို့နယ် ထီပုံးကျေးရွာတွင် VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိလောစခန်းကြီး ကျေးရွာအုပ်စု ထီပုံးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီးအရာရှိ ဒေါ်မြမြမွေး (နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မူစီတို့က တိလောစခန်းကြီးကျေးရွာအုပ်စု ထီပုံးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေနှင့် အမြင့် ခြောက်လက်မ လုပ်ငန်း ဆောင်ရွက်ဆောင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ညောင်ရွှေမြို့နယ် တိလောစခန်းကြီးကျေးရွာအုပ်စု ထီပုံးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၇၄၀၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်ထံမှ သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

We Protect The Family



၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



## MANDALAY GRAND PREMIER CO.,LTD

### တွင် တာဝန်ထမ်းဆောင်ရန် လုံခြုံရေးဝန်ထမ်း အလိုရှိသည်

(က) အသက် (၃၀)နှစ်အောက် အမျိုးသား။
(ခ) ကွမ်း၊ဆေးလိပ်၊အရက်သေစာသောက်စားသူမဖြစ်စေရ။
(ဂ) နေ့၊ည အလှည့်ကျတာဝန်ထမ်းဆောင်နိုင်ရပါမည်။
(ဃ) တစ်ပတ်တစ်ရက် နားရက်ရှိသည်။
(င) လစာ(၂၄၀၀၀၀) နှစ်သိန်းလေးသောင်း (၆)လပြည့်ပါက လစာတိုးပါသည်။ တစ်နှစ်ပြည့်ပြီးပါက နေ့စဉ် ထမင်းဖိုး (၂၅၀၀)ကျပ် ခံစားခွင့်ရှိပါသည်။

အထက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်၊ရဲစခန်းထောက်ခံစာ၊ ဓါတ်ပုံ(၂)ပုံနှင့်အတူ ကြော်ငြာပါသည့်နေ့မှ ကုမ္ပဏီရှိရာ အကွက်အမှတ် (H-၂၄၈)၊ ကနောင်မင်းသားကြီးလမ်း၊ 139 လမ်း၊ 50 လမ်းနှင့် 49 လမ်းကြား၊ စက်မှုဇုန်(၂)သို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်လွှာကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။



## ဝန်ထမ်းအလိုရှိသည်

စားသောက်ကုန်လုပ်ငန်းအတွေ့အကြုံရှိသူ၊ ရိုးသားကြိုးစား၍ ရေရှည်လက်တွဲလုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

(၁) **Marketing Mananger** (၁) ဦး
(၂) **Sale** (၁) ဦး
(၃) **Driver** (၁) ဦး
(၄) **အထွေထွေလုပ်သား(ကျား/မ)** (၅) ဦး

မှတ်ချက်- နေစား စားရိတ်ငြိမ်း ဦးစားပေးမည်။

**AKM သောက်ရေသန့်လုပ်ငန်း** 09-977522067, 09-91001320



စာအုပ်စာပေ လူ့မိတ်ဆွေ



## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းမြို့၊ ရွာထောင်တိုက်နယ်၊ မိးရထားရပ်ကွက်၊ နယ်မြေ(၁)နေ ဦးမြင့်အောင်-ဒေါ်နွယ်နွယ်အေး တို့၏ သမီးဖြစ်သူ မပြည့်ဖြိုးအောင် (၅/စကန(နိုင်)၂၃၇၂၁၇)၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇-၁၁-၁၉၉၄) ဖြစ်ပါကြောင်း။

**၁၇-၁၁-၁၉၉၄**



## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၄)၊ Grade-11တွင် ပညာသင်ကြားနေသော မယွန်းဝတီမောင် ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအေးမင်းသန့် ဖြစ်ပါကြောင်း။

**ဦးအေးမင်းသန့်(၉/ဝတန(နိုင်)၁၁၇၄၈၉)**



သင့်သွေးဖြင့် အသက်ကယ်ပါ


ဘုရား၊ သိမ်၊ ကျောင်း၊ ဆေးရုံ၊ စာသင်ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်လှ (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)

## အသက် (၈၆)နှစ်

ထီးချိုင့်မြို့နယ်၊ မြတောင်ရွာနေ ဦးသိန်းမောင်+ဒေါ်ချစ်တင် တို့၏သမီး၊ ဦးအေးဖေ+ဒေါ်ဝင်းဝင်း(ရွှေသုခရောင်းဝယ်ရေး)၊ဦးသောင်းအေး+ဒေါ်ခင်ထားငယ် (ဆန်းသစ်ခိုင်ပွဲရုံ)၊ ဒေါ်သောင်းလှ၊ ဦးစိန်မြ (စိန်မြပွဲရုံ)တို့၏အစ်မ၊ မန္တလေးမြို့၊ ၂၆(ဘီ)လမ်း၊ ၈၉လမ်းထောင့်၊ သဘော်တန်းရပ်နေ ဦးသောင်းညွှန့် ၏ဇနီး၊ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်(မန္တလေး)၊ အောင်ချမ်းသာရိပ်သာ (အနီးစခန်း)တို့၏ ရဟန်းမယ်တော်ကြီးသည် ၁၃၈၅-ခုနှစ်၊ ဝါခေါင်လဆန်း(၉)ရက်၊ (၂၅-၈-၂၀၂၃) သောကြာနေ့ ည (၁၁:၁၀)နာရီအချိန်တွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃၈၅-ခုနှစ်၊ ဝါခေါင်လဆန်း(၁၁)ရက်၊ (၂၇-၈-၂၀၂၃) တနင်္ဂနွေနေ့ နံနက် (၁၁:၀၀)နာရီအချိန်တွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**


## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားတောင်မြို့၊ ရေကြည်(အရှေ့)ရပ်နေ မောင်ငြိမ်းချမ်းဇော်(ဘ)ဦးအေးငွေ (၅/စကန(နိုင်)၂၆၉၆၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။ **၀၉-၉၈၈၁၇၆၉၅၄**



စာပေမြင့်မှ လူမျိုးတင့်မည်



ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



❖ ခေါင်းဆောင်မှုတာဝန်ဟူသည် အထက်နှင့်အောက်ကို ချိတ်ဆက်ပေးရမည်၊ တာဝန်ယူမှုတာဝန်ခံမှုရှိရမည်ဖြစ်...

❖ ကောင်းမွန်သည့်စိတ်ဖြင့်သာ ခေါင်းဆောင်မှုတာဝန်များကို ထမ်းဆောင်ကြရန်လို...

❖ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး နောက်လိုက်ကောင်းများဖြစ်ရမည်ဖြစ်...

❖ ညီညွတ်မျှတသည့်ကွပ်ကဲအုပ်ချုပ်မှုဖြင့် ခေါင်းဆောင်မှုကောင်းကို ပြသရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇွန် ၉ ရက်တွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) သွားရောက်ကြည့်ရှုစစ်ဆေးစဉ်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်



**နေပြည်တော် ဩဂုတ် ၂၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏လမ်းညွှန်မှုပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် MV **Mercury Force** သင်္ဘောသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ပေးပို့သည့် ၁၀ မီတာကွန်ကရစ်မီးတိုင် ၁၅၁၇ လုံး၊ ကိုးမီတာကွန်ကရစ်မီးတိုင် ၁၃၅၅ လုံး စုစုပေါင်း ၁၉၄၂ ဒသမ ၄၆ တန်ကိုလည်းကောင်း၊ MV **Weru Pack Kha** သင်္ဘောသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

## မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၁၉

## China Southern Airline လေကြောင်းလိုင်းက ရန်ကုန်-ကွမ်ကျိုး-လော့စ်အိန်ဂျလိစ် ခရီးစဉ်သစ်ကို စက်တင်ဘာ ၁ ရက်မှစတင်ပြေးဆွဲမည်

စာမျက်နှာ - ၃၀

## ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

စာမျက်နှာ - ၂၁




## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

၂၆-၈-၂၀၂၄

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။


MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြားရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257